ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်၊ တနင်္လာနေ့၊ (24-9-2007) (၅၄၅၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အားကစားမြှင့်တင်ရေးမှတစ်ဆင့် ပေါက်ဖွားလာသည့် မြန်မာ့မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်သည် မိဘပြည်သူများ၏ စည်းလုံးညီညွတ်မှုစွမ်းအားကို ပိုမိုနိုးကြားခိုင်မာစေလျက်ရှိကြောင်း ထင်ဟပ်ဖော်ညွှန်းနေ

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးသမားများ၏ ဇွဲ၊ လုံ့လ၊ ဝီရိယ အားမာန်အပြည့်အဝဖြင့် အားထုတ်ကြိုးပမ်းမှု စည်းလုံးညီညွတ်စွာ ယှဉ်ပြိုင်အနိုင်ယူနိုင်မှု စွမ်းအားကောင်းများကြောင့် အားကစားဖြင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ခဲ့

လွှဲပြောင်း ပေးအပ်

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လက်ခံရရှိသော ဂုဏ်ပြုဆုငွေများကို အောင်ပွဲရ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသို့ လွှဲပြောင်းပေးအပ်စဉ်။

(သတင်းစဉ်)

နေပြည်တော်　　　　စက်တင်ဘာ　　　　၂၃

၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံတံခွန်စိုက် အမျိုးသမီးဘောလုံးပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သော အောင်ပွဲရ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲကို ယနေ့ ည ၆ နာရီတွင် နေပြည်တော် မြို့တော်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

တက်ရောက်

ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အောင်ပွဲရ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူ၊ နည်းပြချုပ်နှင့် အသင်းဝင်အမျိုးသမီးဘောလုံးသမားများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲမကျင်းပမီ ဂုဏ်ပြုပွဲအခမ်းအနားကိုကျင်းပရာ ရှေးဦးစွာ အခမ်းအနားမှူးက အောင်ပွဲရ မြန်မာ့လက်ရွေးစင်အမျိုးသမီး ဘောလုံးအသင်းတွင် ပါဝင်ကြသူများအား မိတ်ဆက်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအနေဖြင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✻

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၄-၉-၂၀၀၇ (တနင်္လာနေ့)

ခိုင်းကျွဲ ခိုင်းနွားများ ကျန်းမာရေးအလေးထား လည်ချောင်းကွဲရောဂါ ကြိုတင်ကာကွယ်

မြန်မာ့လယ်ယာစိုက်ပျိုးရေးတွင် ကျွဲ၊ နွားများသည် မရှိမဖြစ် အရေးပါနေဆဲဖြစ်ရာ ခိုင်းကျွဲ၊ ခိုင်းနွားများ၏ ကျန်းမာရေးကို အထူး အလေးထား စောင့်ရှောက်နေကြရန် လိုအပ်သည်။ ရာသီဥတု ပြောင်းလဲချိန်၊ နေပူရှိန် ပြင်းထန်ချိန်၊ မိုးများစွာရွာသွန်းချိန်၊ အလုပ်ပင်ပန်းလွန်းသဖြင့် အစားအသောက် ပျက်သည့်အချိန်များတွင် ကျွဲ၊ နွားများ၏ ကိုယ်ခံစွမ်းအား ကျဆင်းပြီး ကူးစက်ရောဂါများ ဖြစ်ပွားတတ်သည်။

တောင်သူလယ်သမားများ မွေးမြူထားသည့် တိရစ္ဆာန်များအတွက် သတိပြုရမည့် ရောဂါတစ်မျိုးမှာ ကျွဲ၊ နွား လည်ချောင်းကွဲရောဂါ ဖြစ်သည်။ လည်ချောင်းကွဲရောဂါသည် ဘက်တီးရီးယားရောဂါပိုးတစ်မျိုးကြောင့် ကျွဲ၊ နွား၊ ဝက်နှင့် ဆင်တို့တွင် ဖြစ်ပွားတတ်သည်။

ရောဂါဖြစ်ပွားနေသည့် တိရစ္ဆာန်များသည် နှာသီးဖျားခြောက်ခြင်း၊ ဦးခေါင်းငိုက်စိုက်ကျပြီး နားရွက်ဖျားလဲကျနေတတ်ခြင်း၊ အပူချိန်မြင့်တက်ခြင်း၊ ချောင်းဆိုးခြင်းနှင့် အသက်ရှူမြန်ခြင်း၊ အစာစားပျက်ခြင်းများ ဖြစ်နေတတ်ပြီး ရက်ပိုင်းအတွင်း သေဆုံးနိုင်သည်။

လည်ချောင်းကွဲရောဂါဖြစ်နေသည့် တိရစ္ဆာန်၏ တံတွေးနှင့် နှာရည်တို့တွင် ရောဂါပိုးများရှိနေသဖြင့် အတူနေတိရစ္ဆာန်များအား အစားအစာ၊ ကျွဲ၊ နွား ကိုင်တွယ်ထိန်းကျောင်းသူများမှတစ်ဆင့်လည်း ကူးစက်စေနိုင်သည်။ ထို့ကြောင့် ကျန်းမာသည့် တိရစ္ဆာန်များအား နေရာရွှေ့ပြောင်းထားခြင်း၊ ကူးစက်ရောဂါဖြင့်သေဆုံးသော တိရစ္ဆာန်များအား မီးရှို့၍ဖြစ်စေ၊ ကျင်းနက်နက်တူး၍ဖြစ်စေ မြှုပ်နှံခြင်းတို့ကို ဆောင်ရွက်ရမည် ဖြစ်သည်။

ကျွဲ၊ နွား လည်ချောင်းကွဲရောဂါကို အချိန်မီသိရှိပြီး ကုသပါက ပျောက်ကင်းနိုင်သည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက လည်ချောင်းကွဲ ရောဂါ ကာကွယ်ဆေးနှစ်မျိုး ထုတ်လုပ်ပေးထားရာ ခြောက်လတစ်ကြိမ် ကာကွယ်ဆေး အကောင်စေ့ထိုးနှံခြင်း၊ သတိပေးနှိုးဆော်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းတို့ဖြင့် ခိုင်းကျွဲ၊ ခိုင်းနွားများ လည်ချောင်းကွဲရောဂါ ဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်မည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက် ဘုရားကြီးလမ်းနေ ဦးမင်းသော်(လ/ထညွှန်ကြားရေးမှူး၊ လဝက၊(ငြိမ်း)–ဒေါ်ခင်ခင်၊ သားသမီးမြေးတစ်စုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ဩဝါဒါစရိယဆရာတော် ဦးလက္ခဏ ရှေ့မှောက်၌ တာဝန်ခံ (သဒ္ဓမ္မဇောတိကဓဇ) သီဟသုဓမ္မ မဏိဇောတဓရ ရွှေမြင်တင် ဦးညိုထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ဖောင်းပြင်မြို့နယ် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၃

စစ်ကိုင်းတိုင်း ဖောင်းပြင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဩဂုတ် ၂၀ရက်က မိုးရာသီကာလအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ၊ မြောင်းသွယ်များမှ အမှိုက်များဆယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြို့နယ်အမှုဆောင်အရာရှိ ဦးသိန်းဟန်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်မျိုးနိုင်တို့ ကြီးကြပ်ကြကြောင်းသိရသည်။ (မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဆက်သွယ်ရေးပညာရှင်များနှင့် တွေ့ဆုံ လိုအပ်ချက်များဆွေးနွေးမှာကြားပြီး လုပ်ငန်းဆိုင်ရာများ ဖြည့်ဆည်းပေး

ရန်ကုန် စက်တင်ဘာ ၂၃

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း အစည်းအဝေးခန်းမ၌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ Myanmar Info-tech **မှ ပညာရှင်များနှင့် တွေ့ဆုံ၍** Video Conferencing စနစ်နှင့် Voice Mail **လုပ်ငန်းစနစ်ဆိုင်ရာများအား ဆွေးနွေးမှာကြားသည်။**

ရှေးဦးစွာ ဝန်ကြီးအား Myanmar Info-tech မှ တာဝန်ရှိသူများက Video Conferencing လုပ်ငန်းစနစ်ဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များအပေါ် တက်ရောက်လာသော အင်ဂျင်နီယာချုပ်များက နည်းပညာပိုင်းဆိုင်ရာများ ပါဝင်ဆွေးနွေးရာ သက်ဆိုင်သူများက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး လုပ်ငန်းဆိုင်ရာများ ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဝန်ကြီးအား Voice Mail လုပ်ငန်းစနစ်ဆိုင်ရာ များကို Myanmar Info-tech မှ ပညာရှင်များက ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သက်ဆိုင်ရာအင်ဂျင်နီယာချုပ်များက နည်းပညာပိုင်းဆိုင်ရာများ ဆွေးနွေးကြရာ Myanmar Info-tech မှ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းတင်ပြကြသည်။

ဝန်ကြီးက တင်ပြချက်၊ ဆွေးနွေးချက်များအပေါ် လိုအပ်ချက်များ ဖြည့်စွက်မှာကြားပြီး လုပ်ငန်းဆိုင်ရာများအား အသေးစိတ် ဆွေးနွေးကာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးအား e-Tourist Visa လုပ်ငန်းဆိုင်ရာများကို Myanmar Info-tech မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက သိရှိလိုသော အချက်များကို ဆွေးနွေးတင်ပြကြသည်။ ထို့နောက် ဝန်ကြီးက အသေးစိတ် ဆောင်ရွက်ရမည့် အချက်များအား ဖြည့်စွက်မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၃–၉–၂၀၀၇)

ရန်ကုန်(မြို့လယ်)
၂ ဒသမ ၆၄ လက်မ

ကျောက်ဖြူ
၂ ဒသမ ၃၂ လက်မ

ရန်ကုန်(ကမ္ဘာအေး)
၂ ဒသမ ၂၀ လက်မ

ဟင်္သာတ
၁ ဒသမ ၆၅ လက်မ

မိတ္ထီလာ
၁ ဒသမ ၆၁ လက်မ

သာယာဝတီ
၁ ဒသမ ၄၅ လက်မ

ကော့သောင်း
၁ ဒသမ ၄၂ လက်မ

ဒုတိယရဲအုပ်လောင်း သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးကျောင်း ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၅၉/၂၀၀၇)သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၇နာရီတွင် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ဗဟိုလေ့ကျင့်ရေးကျောင်းစစ်ရေးပြကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းက အကောင်းဆုံး ကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း နေမင်းဦး၊ ဥပဒေထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း လွင်ကိုလတ်၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း စိုးစိုး၊ အင်္ဂလိပ်စာ ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ငြိမ်းချမ်းစိုး၊ ကွန်ပျူတာထူးချွန်ဆုရ ဒုတိယ ရဲအုပ်လောင်း သိန်းထိုက်တို့အား ဆုများ ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းက အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၀၉ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆုချီးမြှင့်

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ် **ရဲမှူးချုပ်ဇော်ဝင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးကျောင်း ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၅၉/၂၀၀၇) သင်တန်းဆင်းပွဲတွင် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း တစ်ဦးအား ဆုချီးမြှင့်စဉ်။**

(မြန်မာနိုင်ငံရဲတပ်ဖွဲ့)

ဒေါပုံ၌ စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒေါပုံမြို့နယ်ရုံးက နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ဩဂုတ် ၂၇ရက်က အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပရာ စာရေးဆရာ ချစ်နိုင် (စိတ်ပညာ)၏ အောင်မြင်မှုနှင့် ပျော်ရွှင်ခြင်းစာအုပ်မှ စာဖတ်ခြင်း၏ အကျိုးကျေးဇူးနှင့် မိမိကိုယ်ကိုမြှင့်တင်လေ ခေါင်းစဉ်များကို ဆရာမ ဒေါ်စန်းစန်းမြင့်နှင့် ဒေါ်စိုးစိုးတို့က ဖတ်ကြား၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေစောရွှေက ဆွေးနွေးသည်ကို မြို့နယ်ဦးစီးမှူး ဒေါ်အုံးညွန့်ကပြန်လည်သုံးသပ်ဆွေးနွေးကြောင်းသိရှိရသည်။ **(ဝဲပုံ)**

(မြို့နယ် ပြန်/ဆက်)

မြန်မာ့ဘောလုံးလောက အာရှအဆင့်ထိ တက်လှမ်းနိုင်ခဲ့မှု အဆင့်အတန်းကို ပြန်လည်ရောက်ရှိလိုသည့်ဆန္ဒသည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ယှဉ်တွဲပြီး နိုင်ငံသားတိုင်း၌ နိုးကြားထက်သန်လျက်ရှိ

✻ ရှေ့ဖုံးမှ

ယခုကဲ့သို့ နိုင်ငံတကာအဆင့် အားကစားပြိုင်ပွဲတစ်ရပ်တွင် ထိုက်ထိုက်တန်တန် အောင်နိုင်ဆုရယူဆွတ်ခူးနိုင်ခြင်းသည် မိမိနိုင်ငံ မိမိလူမျိုး၏ ဂုဏ်သိက္ခာ၊ နိုင်ငံတော်၏ အားကစား အဆင့်အတန်း မြင့်မားထည်ဝါမှု ဂုဏ်ဒြပ်ကို ပိုမို ပေါ်လွင်ထင်ရှားအောင် စွမ်းဆောင်ပြသလိုက်ခြင်း ဖြစ်သည့်အတွက် နိုင်ငံတော်နှင့် ပြည်သူများက ထိုက်ထိုက်တန်တန် ဂုဏ်ပြု ချီးမြှင့်ရခြင်းဖြစ်သည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားအားကစား အဆင့်အတန်းမြင့်မားမှုနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်ပန်းဆင် အနိုင်ရရှိမှုတို့ကတစ်ဆင့် နိုင်ငံ့ဂုဏ်၊ အမျိုးဂုဏ် တင့်တယ်မြင့်မားမှုကို ဖော်ထုတ်ပြသနိုင်စေရမည်ဆိုသည့် သန္နိဋ္ဌာန်ဖြင့် မြန်မာ့အားကစား မြှင့်တင်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုဆိုလျှင် နိုင်ငံတကာအဆင့် အားကစားအောင်နိုင်မှု ဆုတံဆိပ်များ စတင်ဆွတ်ခူးရရှိနေသည့် အခြေအနေကို ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း။

အထူးသဖြင့် ဘောလုံးအားကစားသည် အသက်အရွယ်၊ ကျား၊ မ အဆင့်အတန်းမရွေး တစ်မျိုးသားလုံး နှစ်ခြိုက်အားပေးကြသည့် အမျိုးသားအားကစားနည်း တစ်ရပ်ဖြစ်သည့်အတွက် ယခုကဲ့သို့ နိုင်ငံတကာ ဘောလုံးပြိုင်ပွဲများတွင် အောင်နိုင်မှုများ ဆွတ်ခူးရရှိနိုင်ခြင်းသည် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ် အောင်မြင်ဖြစ်ထွန်းမှုတစ်ရပ်ဟု ပြောရမည်ဖြစ်ကြောင်း။

အမှန်တကယ်အားဖြင့် မြန်မာတစ်မျိုးသားလုံးအနေဖြင့် တစ်ချိန်သောအခါက မြန်မာ့ဘောလုံးလောက၏ အရှေ့တောင်အာရှမှသည် အာရှအဆင့်အထိ တက်လှမ်းအောင်နိုင်ခဲ့မှု အဆင့်အတန်းကို ပြန်လည်ရောက်ရှိလိုသည့်ဆန္ဒသည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့်အတူ ယှဉ်တွဲပြီး မည်သည့်ခေတ်၊ မည်သည့်ကာလနှင့်မျှမတူအောင် နိုင်ငံသားတိုင်း၌ နိုးကြားထက်သန်လျက်ရှိနေကြောင်း။

ယင်းကဲ့သို့ အခြေအနေ အချိန်အခါမျိုးတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအနေဖြင့် ယခုကဲ့သို့ အာဆီယံ အမျိုးသမီးဘောလုံးချန်ပီယံဆုကြီးကို သုံးနှစ်အတွင်းတွင် ဒုတိယအကြိမ် ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိနိုင်ခြင်းသည် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာအမျိုးသမီးများကို နိုင်ငံတကာအမျိုးသမီးများနှင့် အဘက်ဘက်တွင် ရင်ပေါင်တန်းနိုင်စေရမည်ဆိုသည့် မွန်မြတ်မြင့်မားသော မျှော်မှန်းချက်ထားရှိပြီး အမျိုးသမီးကဏ္ဍ တိုးတက်မြင့်မားစေရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ အားကစားစသည့် နယ်ပယ်ကဏ္ဍစုံတွင် ထူးချွန်ထက်မြက်သော အမျိုးသမီးစွမ်းဆောင်ရှင်များ ပေါ်ထွန်းလာစေရေးတို့အတွက် အားပေးမြှင့်တင် ဆောင်ရွက်နေချိန်တွင် ယခုကဲ့သို့ မြန်မာအမျိုးသမီး ဘောလုံးအားကစား အဆင့်အတန်း တစ်ရှိန်ထိုး တိုးတက်မြင့်မားလာခြင်းသည် ထူးခြားသည့် တိုးတက်ဖြစ်ထွန်းမှုတစ်ရပ်ပင် ဖြစ်ကြောင်း။

မြန်မာအမျိုးသမီး ဘောလုံးအသင်း၏ အောင်မြင်မှုအဆင့်ဆင့်ကို ပြန်ပြောင်းကြည့် မည်ဆိုလျှင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများအနေဖြင့် ၁၉၉၅ ခုနှစ် (၁၈)ကြိမ်မြောက် ပြိုင်ပွဲတွင် ပထမဦးဆုံးအကြိမ် စတင်ပါဝင်ယှဉ်ပြိုင်ခဲ့ရာ၌ တတိယအဆင့် ကြေးတံဆိပ်ဆု၊ (၁၉)ကြိမ်မြောက် ပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ဆု၊ အကြိမ် (၂၀)မြောက်ပြိုင်ပွဲတွင် အမျိုးသမီးဘောလုံးပြိုင်ပွဲ ထည့်သွင်းကျင်းပခဲ့ခြင်း မပြုခဲ့ဘဲ (၂၁)ကြိမ်မြောက် ပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ဆု၊ (၂၂)ကြိမ်မြောက် ပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ဆုနှင့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း ဒုတိယငွေတံဆိပ်ဆုတို့ကို ဆက်တိုက်ဆွတ်ခူးရရှိခဲ့သည်ကို တွေ့ရကြောင်း။

အာဆီယံအဆင့် အမျိုးသမီးဘောလုံးပြိုင်ပွဲများတွင် ၂၀၀၅ခုနှစ် ပထမအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆု၊ ၂၀၀၆ ခုနှစ် ဒုတိယအကြိမ်ပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ဆုနှင့် ယခု ၂၀၀၇ ခုနှစ် တတိယအကြိမ်ပြိုင်ပွဲတွင် ပထမ ရွှေတံဆိပ်ဆုအဖြစ် ထိုက်ထိုက်တန်တန် နှစ်ကြိမ်မြောက် ပြန်လည်ဆွတ်ခူးရယူပေးနိုင်ခြင်းသည် မြန်မာအမျိုးသမီးဘောလုံး အောင်မြင်မှုသမိုင်းစာမျက်နှာကို ပြန်လည်ဖြည့်စွမ်းပေးလိုက်ခြင်း ဖြစ်သည်ဟု ဆိုရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံတံခွန်စိုက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သော အောင်ပွဲရ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ယခုကဲ့သို့ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံး အသင်း အောင်နိုင်မှုသရဖူ ဆောင်းနိုင်စေရေးအတွက် နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှုနှင့်အတူ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာပေ၊ သဘင်၊ ဂီတ၊ ရုပ်ရှင်အနုပညာရှင်များ၊ တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်များနှင့်တကွ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရှိကြသည့် မိဘပြည်သူများအားလုံးက တစ်သွေးတည်း တစ်သားတည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အားပေးခဲ့ကြခြင်းသည်လည်း ထက်သန်သည့်အောင်နိုင်မှုဆန္ဒ၊ ထက်မြက်သည့် အမျိုးသားရေးအားမာန်၊ နိုးကြားသည့် မျိုးချစ်စိတ်ဓာတ်တို့ကို တစ်ခဲနက် ဖော်ထုတ်ပြသလိုက်ခြင်းပင်ဖြစ်ကြောင်း။

အထူးသဖြင့် အားကစားမြှင့်တင်ရေးမှတစ်ဆင့် ပေါက်ဖွားလာသည့် မြန်မာ့မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်သည် မိဘပြည်သူများ၏ စည်းလုံးညီညွတ်မှုစွမ်းအားကို ပိုမိုနိုးကြားခိုင်မာစေလျက်ရှိကြောင်း ထင်ထင်ရှားရှား ထင်ဟပ်ဖော်ညွှန်း ပြသနေခြင်းပင်ဖြစ်ကြောင်း။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❁

၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံတံခွန်စိုက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ထိုင်းလက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းကို အနိုင်ရ ဗိုလ်စွဲသွားသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံး အသင်းအား တွေ့ရစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံ အောင်ပွဲရ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအတွက် ဂုဏ်ပြုဆုငွေများအဖြစ် အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းသာယာမှု အခြေခံကောင်းများ၊ အမျိုးသားစီးပွားရေးဘဝ တိုးပွားခိုင်မာမှု အခြေခံကောင်းများ၊ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးဘဝ တိုးတက်မြင့်မားမှု အခြေခံ ကောင်းများကြောင့် ရေမြင့်လျှင် ကြာတင့် ဆိုသကဲ့သို့ အမျိုးသားအားကစား အဆင့်အတန်းသည်လည်း သိသိသာသာ မြင့်မားလာခဲ့ပြီး နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်နိုင်မှုဆုတံဆိပ်များ စဉ်ဆက်မပြတ် ရယူဆွတ်ခူးလာနိုင်မှု အခြေအနေ ကောင်းများကို ဖန်တီးဖော်ဆောင် ပေးနိုင်နေပြီဖြစ်။

❀ စာမျက်နှာ ၃ မှ

ယနေ့နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အားကစားနယ်ပယ်ကဏ္ဍစုံတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဂုဏ်သိက္ခာ အစဉ်ထာဝရ တိုးတက်မြင့်မားနေစေရန်နှင့် နိုင်ငံတကာမျက်နှာစာတွင် ဘက်စုံကဏ္ဍစုံက ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်နေစေရန် မိမိနိုင်ငံသူ၊ နိုင်ငံသား ပြည်သူများ၏စွမ်းအားကို အခြေခံပြီး ကိုယ့်ခွန်ကိုယ့်အားဖြင့် မနေမနား အားထုတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

ဤကဲ့သို့ အမျိုးသားရေးစွမ်းအားဖြစ်သည့် ပြည်သူများ၏ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု စွမ်းအားကို တည်ဆောက်ပေးနိုင်စေရန် မျှော်မှန်းပြီး မိမိနိုင်ငံသူ၊ နိုင်ငံသား ပြည်သူများ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားစေရအောင်၊ **သိမ်မွေ့နက်ရှိုင်းပြီး အဆင့်အတန်းမြင့်မားသည့် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုကို မြတ်မြတ်နိုးနိုး ထိန်းသိမ်းမြှင့်တင်တတ်သည့် စိတ်ဓာတ်စွမ်းအားဖြင့် ပြည့်စုံစေရအောင်၊ လူမှုရေးအသိစိတ်ဓာတ်မြင့်မားပြီး ဥပဒေစည်းမျဉ်းစည်းကမ်း လိုက်နာစောင့်ထိန်းတတ်သည့် နိုင်ငံကြီးသား အရည်အသွေးများဖြင့် ပြည့်ဝစေရအောင် နိုင်ငံတော်အစိုးရအနေဖြင့် အဘက်ဘက်က ကြိုးပမ်းအားပေးဆောင်ရွက်လျက်ရှိကြောင်း။**

ရရှိဖြစ်ထွန်းလာသည့် ပြည်သူများ၏ အားကစား လေ့လာလိုက်စားမှု အလေ့အကျင့်ကောင်းများသည် ပြည်သူများ၏ ကျန်းမာကြံ့ခိုင်မှုစွမ်းအားကို ဖြစ်ထွန်းစေသကဲ့သို့ အမျိုးသားအားကစား မြှင့်တင်ရေးတွင် တညီတညွတ် တစ်စိတ်တစ်ဝမ်းတည်း ရှိစေခြင်းကြောင့် မျိုးချစ်စိတ်ဓာတ် နိုးကြားထက်သန်မှု၊ ဥပဒေစည်းမျဉ်းစည်းကမ်း လေးစားလိုက်နာမှု အရည်အသွေးကောင်းများကိုလည်း မြင့်မားစေလျက်ရှိနေပြီဖြစ်ကြောင်း။

ထို့အတူ **နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းသာယာမှု အခြေခံကောင်းများ၊ အမျိုးသားစီးပွားရေးဘဝ တိုးပွားခိုင်မာမှု အခြေခံကောင်းများ၊ ပြည်သူများ၏ စီးပွားရေး လူမှုရေးဘဝ တိုးတက်မြင့်မားမှု အခြေခံကောင်းများကြောင့် ရေမြင့်လျှင် ကြာတင့် ဆိုသကဲ့သို့ အမျိုးသားအားကစား အဆင့်အတန်းသည်လည်း သိသိသာသာ မြင့်မားလာခဲ့ပြီး နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်နိုင်မှုဆုတံဆိပ်များ စဉ်ဆက်မပြတ် ရယူဆွတ်ခူးလာနိုင်မှု အခြေအနေကောင်းများကို ဖန်တီးဖော်ဆောင်ပေးနိုင်နေပြီဖြစ်ကြောင်း။**

အလားတူပင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံး အားကစား သမားများ၏ ဇွဲ၊ လုံ့လ၊ ဝီရိယ အားမာန်အပြည့် အဝဖြင့် အားထုတ်ကြိုးပမ်းမှု၊ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်၊ အမျိုးဂုဏ်ဇာတိဂုဏ် မြှင့်တင်ရေးစိတ်ဓာတ် မြင့်မား ထက်သန်စွာဖြင့် စည်းလုံးညီညွတ်စွာ ယှဉ်ပြိုင်အနိုင်ယူနိုင်မှု စွမ်းအားကောင်းများကြောင့်လည်း ယခုကဲ့သို့ အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်ဟု ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ အောင်ပွဲရ မြန်မာအမျိုးသမီးဘောလုံး အားကစားသမားများအနေဖြင့်—

– **နိုင်ငံတော်နှင့် ပြည်သူများ တစ်ခဲနက် အားပေး ချီးမြှောက်နေသည့် အခြေအနေ၊ အချိန်အခါကောင်းတွင် ရရှိပြီးဖြစ်သည့် အောင်မြင်မှုများကို အနာဂတ်သို့တိုင် ထိန်းသိမ်းသယ်ဆောင်သွားနိုင်စေရေးအတွက် မလျှော့သောဇွဲ၊ လုံ့လ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့် ဆက်လက်အားထုတ်ကြိုးပမ်းသွားကြပါ။**

– **ထူးချွန်ထက်မြက်သည့် မြန်မာ့လက်ရွေးစင် ဘောလုံးသမားများအဖြစ်ဖြင့် ဆက်လက်ပြီး နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ပေးနိုင်စေရန် အလေးထား ကြိုးပမ်းသွားကြပါ**

ဟု အလေးအနက် တိုက်တွန်းမှာကြားသွားသည်။

ယင်းနောက် အောင်ပွဲရ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းအတွက် ဂုဏ်ပြုဆုငွေများအဖြစ် အလှူရှင်များဖြစ်ကြသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊

စာမျက်နှာ ၅ ကော်လံ ၁ သို့ ●

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း အနိုင်ရရှိရေးအတွက် မျိုးချစ်စိတ်ဓာတ်၊ အားကစားစိတ်ဓာတ်ဖြင့် အားပေးကြသည့် မြန်မာဘောလုံးချစ်ပရိသတ်ကို တွေ့ရစဉ်။ (ကြေးမုံ)

ပြိုင်ဘက်ထိုင်းအသင်းကို အနိုင်ရရှိပြီးနောက် မြန်မာ အမျိုးသမီးဘောလုံးသမားများ ပရိသတ်ကို ဂါရဝပြုပြီး အောင်ပွဲခံနေကြစဉ်။ (ကြေးမုံ)

● စာမျက်နှာ ၄ မှ

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့က ငွေကျပ် ၁၀ သိန်းစီ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီက ငွေကျပ် ၁၅ သိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၅ သိန်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီက ငွေကျပ် ၁၀ သိန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်က ငွေကျပ် ငါးသိန်း၊ ဦးတင့်ဆန်း (ဥက္ကဋ္ဌ ACE ဆောက်လုပ်ရေး)နှင့် ဦးရန်ဝင်း (ဥက္ကဋ္ဌ A1 ဆောက်လုပ်ရေး)တို့က ငွေကျပ် ၂၅ သိန်းစီ၊ IGE ကုမ္ပဏီက ငွေကျပ်သိန်း ၃၀၀၊ Asia World Co., Ltd.၊ Htoo Trading Co.,Ltd.၊ Max Myanmar Co., Ltd.၊ ကမ္ဘောဇဘဏ်နှင့် Jewellery Luck Co., Ltd. တို့က ငွေကျပ်သိန်း ၁၀၀ စီ၊ အေရာရွှေဝါကုမ္ပဏီက ငွေကျပ်သိန်း ၅၀၊ ဦးချစ်ခိုင် (ဥက္ကဋ္ဌ၊ ဒေင်ဆောက်လုပ်ရေး)က ငွေကျပ် ၂၅ သိန်း၊ ဦးရွက်ပ်ဇဒေါန်နှင့် ဦးခွန်ဆာ (ပါဟုတ်ဒူဝါကုမ္ပဏီ)တို့က ငွေကျပ် သိန်း ၂၀စီ၊ ဦးကိုကိုထွေး (တော်ဝင်မိသားစုကုမ္ပဏီ)က ငွေကျပ် ၁၀ သိန်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) တို့က ငွေကျပ်သိန်း ၅၀ စီ၊ ဦးအောင်မိုးကျော် (IBTC Co., Ltd.)က ငွေကျပ် ၁၀ သိန်း၊ Dr. Pandora Aung Gyi က ငွေကျပ် သုံးသိန်း၊ ဦးဇော်ဝင်းနိုင် (ကမ္ဘောဇဘဏ်လီမိတက်)က ငွေကျပ် ၁၂ သိန်း၊ ရန်ကုန်တိုင်း အခွန်ဦးစီးဌာန၊ ဒေါက်တာအောင်ကျော်ဦး–ဒေါက်တာသက်သက်ခိုင် (ရွှေနန်းတော်)၊ သမဝါယမဘဏ်နှင့် မြန်မာအရှေ့တိုင်းဘဏ်တို့က ငွေကျပ် ၁၀ သိန်းစီ၊ ILBC ကျောင်းသားကျောင်းသူများက ငွေကျပ် ရှစ်သိန်း၊ ရိုးမဘဏ်က ငွေကျပ် ငါးသိန်း၊ ဦးမျိုးပိုင် (အာရှရန်ကုန်ဘဏ်)၊ Beauty Place၊ ဦးမျိုးမြင့် (M3 Restaurant)၊ ဦးမြတ်သင်းအောင်–ဒေါ်ခင်မြင့်မြင့် (အောင်အောင်အင်တာပရိုက်စ်)၊ Golden Flower Co., Ltd. နှင့် ဦးသိန်းထွန်း (ထွန်းဖောင်ဒေးရှင်း)တို့က ငွေကျပ် သုံးသိန်းစီ၊ ဒေါက်တာခင်မောင်ဝင်း–ဒေါက်တာဝေဝေ (Diamond Land)၊ ဒေါ်တင်လတ်မင်း၊ ဦးဦးခိုင် (တက်လမ်းဆောက်လုပ်ရေး)၊ ဦးဇော်ဝင်း၊ ဦးဇော်ဝင်း (Super Coffeemix)နှင့် ဒေါက်တာဇော်ထွန်း–ဒေါက်တာ ဌေးဌေးကြည် (SSC)တို့က ငွေကျပ် နှစ်သိန်းစီ၊ အကယ်ဒမီ ထက်ထက်မိုးဦး၊ ခန့်စည်သူ၊ ရဝေအောင်၊ ဒေါ်သန်းသန်းအေး (ရွှေကောင်းဟော့ပေါ့)၊ ဦးထက်ညီ၊ ဦးစံထွန်းအောင်၊ ဒေါ်အေးအေးညွန့် (KSS ဒံပေါက်)၊ ဒေါ်သက်သက်နိုင် (ပုလဲကွန်ဒိုမီနီယံ)၊ She Shine Gems၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကများဖြစ်ကြသော ဒေါက်တာမြစန္ဒာခိုင်နှင့် ဒေါ်အေးအေးကြည်တို့က ငွေကျပ် တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်တို့က အောင်ပွဲရ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းကိုယ်စားလက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

မြန်မာအမျိုးသမီးအသင်း အာဆီယံ ချန်ပီယံဆုရရှိရာတွင် စုစည်းညီညွတ်ပြီး နိုင်ငံချစ်စိတ်ဖြင့် အားပေးကြသော ပရိသတ်၏ ပံ့ပိုးမှုသည် အဓိက နေရာမှ ပါဝင်သည်။ (ကြေးမုံ)

လွှဲပြောင်းပေးအပ်

ထို့နောက် မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ခံရရှိသော ဂုဏ်ပြုဆုငွေများကို အောင်ပွဲရ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသို့ လွှဲပြောင်းပေးအပ်သည်။

မိမိနိုင်ငံအသင်း အနိုင်ရ ဗိုလ်စွဲနိုင်ရေးအတွက် အင်တိုက်အားတိုက် တစ်ခဲနက်ကွင်းလုံးပြည့် လာရောက်အားပေးခဲ့ကြသည့် ပရိသတ်ကြီးကို တွေ့ရစဉ်။ (ကြေးမုံ)

ကျေးဇူးတင်စကားပြန်လည်ပြောကြား

ထို့နောက် အောင်ပွဲရ မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်း ခေါင်းဆောင် စန်းစန်းမော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ထံ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံတံခွန်စိုက်ချန်ပီယံ ဆုဖလားကြီးကို ပေးအပ်သည်။

ဆက်လက်၍ ပြိုင်ပွဲယှဉ်ပြိုင်မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အောင်ပွဲရ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း ဘောလုံးသမားများနှင့်အတူ ဂုဏ်ပြုညစာ သုံးဆောင်ကြသည်။

တတိယအကြိမ် အာဆီယံတံခွန်စိုက် အမျိုးသမီးဘောလုံးပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သော အောင်ပွဲရ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအတွက် အလှူရှင်များ၏ ဂုဏ်ပြုဆုငွေ စုစုပေါင်းမှာ ငွေကျပ် ၁၃၁၆ သိန်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ယနေ့ မိုးလေဝသ

၂၄-၉-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။



အင်ဒိုနီးရှားနိုင်ငံ ဂျကာတာဆိပ်ကမ်းအလွန် ပင်လယ်ပြင်တွင် ဆူနာမီသတိပေး ရေကြောင်းပြဗော်ယာများ ချထားနေသည်ကို စက်တင်ဘာ ၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရန်၏နျူကလီးယားအစီအစဉ် ရပ်ဆိုင်းစေရန် ဒဏ်ခတ်အရေးယူမှုများဖြင့် မပြုလုပ်နိုင်

တီဟီရန် စက်တင်ဘာ ၂၃

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ် ရပ်ဆိုင်းသွားစေရန် ကုလသမဂ္ဂ၏ ဒဏ်ခတ်အရေးယူမှုများက လုပ်ဆောင်နိုင်မည်မဟုတ်ကြောင်း သမ္မတ မာမွတ်အာမက်နီဂျက်က ပြောကြားကြောင်း နိုင်ငံပိုင်အိုင်အာရ်အင်အေ သတင်းဌာနက ယနေ့သတင်းထုတ်ပြန်သည်။ အီရန်နိုင်ငံအား ပိတ်ဆို့အရေးယူရန် အနောက်အုပ်စုနိုင်ငံများက ဆွေးနွေးခဲ့ကြပြီးနောက် တစ်ရက်အကြာတွင် အီရန်သမ္မတက ယင်းသို့ပြောကြားခြင်းဖြစ်သည်။

အမေရိကန်နှင့် ပြည်ပနိုင်ငံများမှတပ်ဖွဲ့များ အီရတ်မှရုပ်သိမ်းပေးရန် ၎င်းက ပြောကြားသည်။ အီရန်ခေါင်းဆောင်က ၁၉၈၀-၈၈ အီရန်-အီရတ်စစ်ပွဲ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားရာ၌ မိမိတို့နိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို ဆက်လက် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ဖော်ပြသည်။ အနောက်အုပ်စုသည် အီရန်နိုင်ငံကို စိတ်ဓာတ်ရေးရာစစ်ပွဲအရလည်းကောင်း၊ စီးပွားရေးဒဏ်ခတ်မှုများအရလည်းကောင်း ခြိမ်းခြောက်နေကြောင်း ၎င်းက ပြောကြားသည်။

မိမိတို့နိုင်ငံ၏ နျူကလီးယားအစီအစဉ်သည် ငြိမ်းချမ်းသောရည်ရွယ်ချက်များနှင့်အညီ အဏုမြူစွမ်းအင် ထုတ်လုပ်ရေးသာဖြစ်ပြီး အမေရိကန်စွပ်စွဲသကဲ့သို့ အဏုမြူဗုံးထုတ်လုပ်ရန်မဟုတ်ကြောင်း၊ မိမိတို့နိုင်ငံ အတိုက်ခံရပါက အရှေ့အလယ်ပိုင်းဒေသရှိ အမေရိကန်အကျိုးစီးပွားများကို ပြန်လည်တိုက်ခိုက်မည်ဖြစ်ကြောင်း အီရန်သမ္မတက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘင်္ဂလားပင်လယ်အော်တွင် ရေလုပ်သား ၁၂၀၀ ပျောက်ဆုံးနေ

ဒါကာ စက်တင်ဘာ ၂၂

ဘင်္ဂလားပင်လယ်အော်တွင် ရုတ်တရက်မုန်တိုင်းတိုက်ခတ်မှုကြောင့်ငါးဖမ်းရေယာဉ် ၁၀၀ ကျော် နှင့် ရေလုပ်သား ၁၂၀၀ ခန့် ပျောက်ဆုံးနေကြောင်း၊ စက်တင်ဘာ ၂၁ ရက် ညနေတွင် မုန်တိုင်းကြောင့် ၁၂ ပေမှ ၁၅ ပေထိ မြင့်သည့်လှိုင်းများ ရိုက်ခတ်ခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူက ပြောကြားသည်။ စက်တင်ဘာ ၂၁ ရက်က ငါးဖမ်းသင်္ဘောအစင်း ၅၀၀ ပင်လယ်ထဲသို့ ငါးဖမ်းထွက်သွားကြောင်း၊ စက်တင်ဘာ ၂၂ ရက်ညနေပိုင်းထိ ငါးဖမ်းသင်္ဘောအစင်း ၄၀၀သာ ကမ်းခြေသို့ပြန်ရောက်ခဲ့ကြောင်း၊ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း ဘာရူနာခရိုင် ငါးဖမ်းသင်္ဘောပိုင်ရှင်များအသင်း အကြံပေး ဂိုလမ်မူစတဖာ ကရူးဟာရီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ငါးဖမ်းသင်္ဘောအစင်း ၁၀၀ နှင့် ရေလုပ်သား ၁၂၀၀ ၏ ကံကြမ္မာကို မသိရသေးချေ။ ငါးဖမ်းသင်္ဘောတစ်စင်းတွင် ပုံမှန်အားဖြင့် ငါးဖမ်းသမား ၁၀ ဦးမှ ၁၄ ဦးပါရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဖူးခက်ကျွန်းတွင် လေယာဉ်ပျက်ကျမှု စုံစမ်းစစ်ဆေး

ဗန်ကောက် စက်တင်ဘာ ၂၂

ထိုင်းနိုင်ငံ ဖူးခက်ကျွန်းတွင် လေယာဉ်ပျက်ကျခဲ့မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ပျက်ကျခဲ့သည့် ခရီးသည်တင်လေယာဉ်မှ အင်ဒိုနီးရှားလူမျိုး လေယာဉ်မှူးသည် လေပြင်းတိုက်ခိုက်နေသည့် ဘေးအန္တရာယ်ကို သိရှိသော်လည်း အတင်းဆင်းသက်ရန် ကြိုးပမ်းခဲ့သည်ဟုယူဆရကြောင်း၊ ထိုင်းလေကြောင်းထိန်းသိမ်းရေးတာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

ထိုင်းနိုင်ငံ ဖူးခက်ကျွန်းတွင် ဝမ်းတူးဂိုး လေကြောင်းဌာနပိုင် ခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ ၈၉ဦး သေဆုံးခဲ့သည်။ ၄၁ ဦး မှာမူ အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။ မုတ်သုံရာသီမုန်တိုင်းကြောင့် လေယာဉ်ပျက်ကျခဲ့ခြင်းဖြစ်သည်။ အဆိုပါလေယာဉ်သည် ပြေးလမ်းချော်သွားခဲ့ပြီးနောက် နှစ်ပိုင်းကျိုးပျက်ကာ မီးလောင်ခဲ့သည်။

ဖူးခက် နိုင်ငံတကာလေဆိပ်သို့ ဝမ်းတူးဂိုးလေကြောင်းဌာနပိုင်လေယာဉ် မဆင်းသက်မီ မိနစ်အနည်းငယ်အလိုက ဆင်းသက်ခဲ့သော လေယာဉ်တစ်စင်းမှ လေယာဉ်မှူးနှစ်ဦးက လေတိုက်ခိုက်မှုနှုန်း ရုတ်တရက် ပြောင်းလဲနေပုံကို လေကြောင်းထိန်းချုပ်ရေး တာဝန်ရှိသူများထံ သတင်းပေးပို့ခဲ့ကြောင်း၊ ယင်းသတင်းပေးပို့ချက်ကို အင်ဒိုနီးရှားလေယာဉ်မှူးကလည်း သိရှိခဲ့ကြောင်း၊ လေတိုက်နှုန်းအပြောင်းအလဲ မြန်ဆန်ခြင်းနှင့် လေတိုက်မှုလမ်းကြောင်း တည်ငြိမ်မှုမရှိခြင်းသည် လေယာဉ်ဆင်းသက်ရာတွင် အန္တရာယ်ရှိနိုင်ပုံကို အင်ဒိုနီးရှားလေယာဉ်မှူး သိရှိခဲ့သော်လည်း အတင်းဆင်းသက်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အင်တာနက်။

ရုရှားအုပ်ချုပ်ရေးမှူး ယာဉ်တိုက်မှုကြောင့် သေဆုံး

မော်စကို စက်တင်ဘာ ၂၂

ရုရှားနိုင်ငံ ကော့စထရိုမာဒေသ အုပ်ချုပ်ရေးမှူးသည် စက်တင်ဘာ ၂၁ ရက် စောစောပိုင်းက ယာဉ်တိုက်မှုကြောင့် သေဆုံးကြောင်း ရုရှားပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗစ်တာရှာဆွန်နော့ဗ် လိုက်ပါလာသောကားသည် မော်စကိုမြို့အရှေ့မြောက်ဘက် ယာရို့စလာ အဝေးပြေးလမ်းမဘေးတွင် ညသန်းခေါင်ကျော်အချိန်၌ အခြားကားတစ်စီးနှင့် တိုက်မိခဲ့ကြောင်း အီတာတာ့စ်သတင်းဌာနက ဖော်ပြထားသည်။

ရှာဆွန်နော့ဗ်နှင့် သူ၏ယာဉ်မောင်းတို့မှာ နေရာတွင်ပင် သေဆုံးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗီယက်နမ်နိုင်ငံ ဒိုဆွန်မြို့၌ ကျွဲခတ်ပွဲ ကျင်းပနေသည်ကို စက်တင်ဘာ ၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အရှေ့အလယ်ပိုင်းညီလာခံ အဘတ်စ်မတက်ရန် ဖိအားပေး

ရာမာလာ စက်တင်ဘာ ၂၂

အမေရိကန်ဦးဆောင်ပြုလုပ်မည့် အရှေ့အလယ်ပိုင်းညီလာခံသို့ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ် မတက်ရောက်ရန် ၎င်း၏ ဖတာအဖွဲ့က ဖိအားပေးလျက်ရှိကြောင်း၊ ရလဒ်မည်သို့ဖြစ်လာမည်ကို မသိရကြောင်း စက်တင်ဘာ ၂၂ရက် ရိုက်တာသတင်းတွင် ဖော်ပြသည်။

အစ္စရေးဝန်ကြီးချုပ် အိုးလ်မတ်နှင့် ပါလက်စတိုင်းသမ္မတ အဘတ်စ်တို့နှင့်ဆွေးနွေးရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်သည် စက်တင်ဘာ ၁၈ရက်တွင် အရှေ့အလယ်ပိုင်းဒေသသို့ ရောက်ရှိလာခဲ့သည်။

ပါလက်စတိုင်းနိုင်ငံ ပေါ်ထွန်းရေးညီလာခံအတွက် အိုးလ်မတ်နှင့်အဘတ်စ်တို့ ပုံမှန်တွေ့ဆုံ ဆွေးနွေးလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

သဘာဝဘေးအန္တရာယ် ကာကွယ်ရေး အင်ဒိုနီးရှားတွင် သင်တန်းပေး

ဂျကာတာ စက်တင်ဘာ ၂၂

အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာနသည် သဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် အရေးပေါ် စီမံခန့်ခွဲရေးလုပ်ငန်းများအတွက် ဆေးဘက်ဆိုင်ရာအရာရှိ ၁၁၄၉ ဦးကို လေ့ကျင့်ပေးခဲ့ကြောင်း၊ ၎င်းတို့ကို ဒေသကိုးခုတွင် တာဝန်ချထားမည်ဖြစ်ကြောင်း ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

၂၀၀၆ ခုနှစ်မှစ၍ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများအတွက် ဝန်ထမ်းများအား လေ့ကျင့်သင်တန်းပေးမှုများ ပြုလုပ်လာခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ လီလီဆူလေစတိုဝါတီက ပြောကြားသည်။

သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူများသည် ကျွမ်းကျင်မှုရှိရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့၌ နိုင်ငံတကာလုံခြုံရေး အထောက်အကူပြု (အိုင်အက်စ်အေအက်ဖ်) တပ်ဖွဲ့ဝင်များ စောင့်ကြပ်နေသည်ကို စက်တင်ဘာ ၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နေတိုးတပ်ဖွဲ့ တိုက်ခိုက်မှုကြောင့် အာဖဂန်အရပ်သားများ သေဆုံး

ကဘူး စက်တင်ဘာ ၂၂

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် နေတိုးဦးဆောင်သော နိုင်ငံတကာ လုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)က လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အာဖဂန်အရပ်သားများ သေဆုံးကြောင်း နေတိုးတပ်ဖွဲ့က စက်တင်ဘာ ၂၁ရက်တွင် ပြောကြားသည်။ စက်တင်ဘာ ၁၉ရက်က ဟဲလ်မန်းပြည်နယ်ဂျာရက်စ်တောင်ကြားအထက်ပိုင်းဒေသတွင် တာလီဘန် စစ်သွေးကြွများကို ရှင်းလင်းရန် အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့ဝင်များက စစ်ဆင်ရေးပြုလုပ်ခဲ့ကြောင်း နေတိုးတပ်ဖွဲ့က ပြောကြားသည်။ အရပ်သားများ သေကျေဒဏ်ရာရရှိသူ ဦးရေကို မသိရသေးချေ။

အာဖဂန်နစ္စတန်နိုင်ငံတွင် စစ်သွေးကြွများတိုက်ခိုက်ရန်နှင့် လုံခြုံရေး ထိန်းသိမ်းထားနိုင်ရန် အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့ဝင် ၃၇၀၀၀ ခန့်ကို တပ်ဖြန့်ချထားသည်။ အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့များ၏ စစ်ဆင်ရေးများအတွင်း အရပ်သားများ သေကျေဒဏ်ရာရရှိသည့်ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီမြို့ ဆိပ်ကမ်းကို စက်တင်ဘာ ၂၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကိုင်ရိုမြို့ရှိ ခံတပ်ဟောင်းအနီး ဟိုတယ် မဆောက်ရန် ယူနက်စကို၏ အစီရင်ခံစာတွင် အကြံပြု

ကိုင်ရို စက်တင်ဘာ ၂၂

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ သမိုင်းဝင် ရှေးဟောင်းခံတပ်ဟောင်း တစ်ခုအနီး တွင် ဟိုတယ်နှင့် ရုံးအဆောက်အအုံများ တည်ဆောက်ခြင်း မပြုသင့်ကြောင်း ကုလသမဂ္ဂက စက်တင်ဘာ ၂၀ရက်တွင် အကြံပြုလိုက်သည်။ ကိုင်ရိုမြို့ရှိ အလယ်ခေတ် ရှေးဟောင်းခံတပ်ကို အပေါ်မှစီးမိုးတွေ့မြင်နိုင်သည့် နေရာ၌ အဆောက်အအုံများ တည်ဆောက်ခြင်းဖြင့် ယဉ်ကျေးမှုလက်ရာ နေရာများ ထိခိုက်ပျက်စီးနိုင်ကြောင်း ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

သတ်မှတ်

အဆိုပါ ရှေးဟောင်းခံတပ်သည် အလယ်ခေတ်ကာလက ကိုင်ရိုမြို့၏ တစ်စိတ်တစ်ဒေသအဖြစ် တည်ရှိခဲ့ကြောင်း၊ ယင်းမြို့ဟောင်း ခံတပ်နှင့် အတူ ၁၂ရာစုခေတ် စစ်ဘုရင် ဆာလာဟီဒင်၏ ရုပ်တုလည်းတည်ရှိကြောင်း၊ ရှေးဟောင်းခံတပ်ကို ၁၉၇၉ခုနှစ်တွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် တစ်ခုအဖြစ် သတ်မှတ်ခဲ့ကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြသည်။

ရှေးဟောင်းခံတပ်သည် နိုင်းမြစ် လွင်ပြင်အထက် ၇၅မီတာအကွာ ကျောက်တောင်တစ်ခုပေါ်တွင် တည်ရှိသည်။

အင်တာနက်။

အမေရိကန် ကန်ဆက်ပြည်နယ် စစ်သင်္ချိုင်းမြေနေရာ တိုးချဲ့ရန် စီစဉ်

အိုဗာလန်းပါ့ခ် စက်တင်ဘာ ၂၂

အမေရိကန်နိုင်ငံ ကန်ဆက်ပြည်နယ်စစ်သင်္ချိုင်း၌ ပြီးခဲ့သည့်ရက်သတ္တပတ်က အလောင်းနှစ်လောင်း မြှုပ်နှံပြီးနောက် နေရာလပ်မကျန်ရှိတော့ဟု ဆိုသည်။ ထိုသေဆုံးသူနှစ်ဦးအနက် တစ်ဦးမှာ အီရတ်စစ်ပွဲ၌ သေဆုံးခဲ့သူဖြစ်သည်ဟု တာဝန်ရှိသူများက စက်တင်ဘာ ၂၀ ရက်နေ့က ပြောကြားသည်။

ထိုသင်္ချိုင်း၌ နောက်ထပ်မြှုပ်နှံရန် နေရာမရှိ ပြည့်သွားပြီဖြစ်ကြောင်း ဗြဲလျင်တပ်မ-၁၊ အမေရိကန်ပို့ဒ်ရီလီတပ်မှ ပြောရေးဆိုခွင့်ရှိသူ အလီစန်ကိုလာက ပြောကြားသည်။

ကန်ဆက်ပြည်နယ် ရီပတ်ဗလီကန်ကိုယ်စားလှယ် အမေရိကန် ဆီးနိတ်လွှတ်တော် ကိုယ်စားလှယ် ဆမ်ဘရောင်းဘက်ခ်နှင့်ပက်ရောဘတ် နှစ်ဦးတို့သည် အထက်ပါကိစ္စရပ်နှင့်ပတ်သက်ပြီးစစ်ပြန်စစ်မှုထမ်းဟောင်းအဖွဲ့၏ သာရေးနာရေးကိစ္စများ ဆောင်ရွက်သည့် ဒုတိယဝန်ကြီး စီလီယန်တက်စ်ထံ သင်္ချိုင်းမြေအသစ်တိုးချဲ့ရန် ရန်ပုံငွေ အပြည့်အဝ ရရှိရေး စာရေးအကြောင်းခဲ့သည်ဟု သိရသည်။

အမ်အင်အေ၊ ရိုက်တာ။

မုန်တိုင်းတိုက်မှုကြောင့် ရေနံထုတ်လုပ်မှုထိခိုက်

မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၂

ဒင်းဟုအမည်ပေးထားသော ဟာရီကိန်းမုန်တိုင်း တိုက်ခတ်ခဲ့မှုကြောင့် မက္ကဆီကိုနိုင်ငံပိုင် ရေနံကုမ္ပဏီ၏ ကမ်းလွန်ရေနံများတွင် ထုတ်လုပ်မှု ထိခိုက်ခဲ့ရကြောင်း ကုမ္ပဏီတာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

နိုင်ငံပိုင် ရေနံကုမ္ပဏီ ပီမက်စ်က မက္ကဆီကိုပင်လယ်ကွေ့နှင့် ကမ်ပက်ချ်ဆောင်းဒေသတို့တွင် လုပ်ကိုင်နေသည့် ရေနံမြေများ၏ ရေနံထုတ်လုပ်မှု ကျဆင်းသွားခဲ့ရကြောင်း၊ ရေနံစိမ်း ထုတ်လုပ်မှုတစ်ရက်လျှင် စည်ပေါင်း ၁၀ ဒသမ ၈ သန်းနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု တစ်ရက်လျှင် ကုဗပေ ၁၀ ဒသမ ၃ သန်းလျော့ကျသွားကြောင်း တာဝန်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့၌ ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို စက်တင်ဘာ ၂၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဒီဘီယာ စိန်ရှာဖွေရေးကုမ္ပဏီ၏ ဇက်ပလင်လေသင်္ဘောပျက်ကျ

ဂါဘွန် စက်တင်ဘာ ၂၂

ဘော့ဆွာနာနိုင်ငံတွင် စိန်တူးဖော်ရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသည့် ဒီဘီယာ စိန်ရှာဖွေရေး ကုမ္ပဏီက ပိုင်ဆိုင်သော ဇက်ပလင်လေသင်္ဘောသည် စက်တင်ဘာ ၂၁ ရက်က ပျက်ကျသွားကြောင်း အစိုးရသတင်း မီဒီယာက ဖော်ပြသည်။

ဒီဘီယာစိန် ရှာဖွေရေးကုမ္ပဏီသည် ယင်းလေသင်္ဘောကို ဝေဟင်မှ စိန်ရှာဖွေရာ၌အသုံးပြုသည်။တောင်အာဖရိက ဒေသ၏ အလယ်ပိုင်း၌ ပျက်ကျသွားသည့် လေသင်္ဘောနှင့်ပတ်သက်၍ ထိခိုက်သေဆုံးမှု သတင်းကို ချက်ချင်း မသိရှိရသေးကြောင်း ရဲတပ်ဖွဲ့၏ ပြောကြားချက်ကို ကိုးကား၍ ရုပ်သံသတင်းတွင် ဖော်ပြသည်။

ဒီဘီယာစိန်ရှာဖွေရေး ကုမ္ပဏီ၏ အစုရှယ်ယာ ၄၅ ရာခိုင်နှုန်းကို အင်္ဂလိုအမေရိကန်ကုမ္ပဏီက ပိုင်ဆိုင်သည်။ ထိုကုမ္ပဏီသည် ကမ္ဘာ့စိန်ထုတ်လုပ်မှု၏ ၅၀ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးနေသော ကုမ္ပဏီဖြစ်သည်။ ဘော့ဆွာနာနိုင်ငံ၏ ကာလာဟာရီသဲကန္တာရအောက်တွင် တည်ရှိနေသော စိန်သိုက်များကို ရှာဖွေရာ၌ လေသင်္ဘောကို အသုံးပြုသည်။

အပေါ်ယံသဲလွှာနှင့်နီးသောမြေအောက်တွင်ရှိသည့် စိန်သိုက်များမှာ တူးဖော်၍ ကုန်သလောက်ရှိနေပြီ ဖြစ်၍ ယခုအခါ ထိုကုမ္ပဏီသည် စိန်သိုက်အသစ်များကို ရှာဖွေရန် အပူတပြင်း လိုအပ်လျက်ရှိသည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦး သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၂၂

အီရတ်နိုင်ငံ မြောက်ပိုင်းတွင် စက်တင်ဘာ ၂၀ရက်က မတော်တဆဖြစ်ပွားမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း အမေရိကန်စစ်တပ်က စက်တင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။

ဒီယာလာပြည်နယ်တွင် တိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရကြောင်း၊ ဘဂ္ဂဒက်မြို့ မြောက်ဘက် ကီလိုမီတာ ၂၅၀ အကွာ ကယ်ကွတ်မြို့အနီး တာမင်းပြည်နယ်တွင် မတော်တဆ ဖြစ်ပွားမှုကြောင့် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း စစ်တပ်က ပြောကြားသည်။

အီရတ်စစ်ပွဲဖြစ်ပွားပြီးနောက် ယနေ့အထိ အီရတ်နိုင်ငံတွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၃၇၉၄ ဦး ရှိပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ် အစီရင်ခံစာအရ သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တူရကီသို့ အီရန်ဓာတ်ငွေ့ပို့လွှတ်မှု ပြန်လည်စတင်

တီဟီရန် စက်တင်ဘာ ၂၂

အီရန်နိုင်ငံသည် တူရကီနိုင်ငံသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုကို ပြန်လည်ပြုလုပ်လျက်ရှိကြောင်း၊ ပြည်ပသို့တင်ပို့သည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း အကြီးအကျယ်ပေါက်ကွဲမှုတစ်ရပ်ကြောင့် သဘာဝဓာတ်ငွေ့တင်ပို့မှုကို ယာယီရပ်ဆိုင်းခဲ့ကြောင်း အန်နာတိုလီယာသတင်းဌာနက စက်တင်ဘာ ၂၁ရက်တွင် သတင်းထုတ်ပြန်သည်။ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် ပိုက်လိုင်းကို ပြန်လည်ပြင်ဆင်ခဲ့ရပြီးနောက် ပုံမှန်အတိုင်း ဓာတ်ငွေ့တင်ပို့ပေးလျက်ရှိကြောင်း တူရကီရေနံပိုက်လိုင်းကော်ပိုရေးရှင်းက အတည်ပြုပြောကြားသည်။ **အင်တာနက်။**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း တိဘက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကျင်ဟိုင်း-တိဘက် ရထားလမ်းပေါ်တွင် ရထားတစ်စင်း ခုတ်မောင်းလာသည်ကို စက်တင်ဘာ ၂၂ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-ပေကျင်းရီဗျူး)

မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်း ပေကျင်းမြို့တွင် အရှိန်အဟုန်မြှင့်တင်

ပေကျင်း စက်တင်ဘာ ၂၂

တရုတ်နိုင်ငံမြို့တော်ပေကျင်းတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဒေသန္တရအစိုးရအဖွဲ့က အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၂ရက် ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

မြို့တော်ပေကျင်းတွင် မူးယစ်ဆေးဝါးသုံးစွဲမှုဖြင့် ပြစ်ဒဏ်ကျခံခဲ့သူများသည် နောက်ထပ်တစ်ဖန် မူးယစ်ဆေးဝါးသုံးစွဲခြင်းရှိ၊ မရှိ ဆီးစစ်ဆေးမှုကို ခံယူရန် ဥပဒေစည်းမျဉ်းသစ် ထုတ်ပြန်ထားသည်။ အကယ်၍ ဆီးစစ်ဆေးရာတွင် မူးယစ်ဆေးဝါးသုံးစွဲကြောင်း တွေ့ရှိရပါက ကုသမှုခံယူရန်နှင့် ပြန်လည်ထူထောင်ရေးစခန်းများသို့ စေလွှတ်ရန် စီစဉ်ထားသည်။ **အင်တာနက်။**

အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလာသော မြန်မာ့ဆက်သွ

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသည် နိုင်ငံလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရန်အတွက် များစွာ အထောက်အကူပြုသည်။

ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ရာ၌ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသည် အထူးအရေးကြီးသည်။ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်နေရာမှ တစ်နေရာသို့ အချိန်တိုအတွင်း အပြန်အလှန် ဆက်သွယ်ရာ၌ စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်း ဆက်သွယ်ရေးလုပ်ငန်းများသည် များစွာ အရေးပါသည်။

ယခင်ခေတ်ကာလက ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးမှု နည်းခဲ့သော်လည်း ယခုအခါ နေရာဒေသတိုင်း၌ စာတိုက်စခန်း၊ ကြေးနန်းရုံး၊ တယ်လီဖုန်းရုံးများသာမက မိုက္ကရိုဝေ့ဗ်စခန်းများ၊ ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးစခန်းများပါ တိုးတက်ဖြစ်ထွန်းလာခဲ့သည်။ မိုက္ကရိုဝေ့ဗ်စခန်းများမှတစ်ဆင့် ကျေးလက်ဒေသများသို့တိုင် ဆက်သွယ်ပြောဆိုလာနိုင်သည်။ တယ်လီဖုန်းစခန်းမရှိသော နေရာဒေသများတွင်လည်း ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေး စခန်းများမှတစ်ဆင့် DOMSAT စခန်းများ၊ VSATစခန်းများ၊ MPT Satellite Terminal စခန်းများ တိုးတက်ပေါ်ထွက်လာခဲ့သည်။

ထိုသို့ ဆက်သွယ်ရေးကဏ္ဍ ထိရောက်ကျယ်ပြန့်စွာ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်အစိုးရက ကဏ္ဍသစ်များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၀၇ခုနှစ် မတ်လ ၁၇ရက်နေ့တွင် စစ်ကိုင်းတိုင်း တန့်ဆည်မြို့၌ လိုင်း ၆၀၀ အသုံးပြုနိုင်သည့် ဒီဂျစ်တယ် အော်တိုအိတ်ချိန်းသစ်ကိုလည်းကောင်း၊ ဧပြီလ ၅ရက်နေ့တွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ မြို့နယ်အတွင်း အသုံးပြုနိုင်သည့် ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ကိုလည်းကောင်း၊ ဧပြီလ ၁၁ရက်နေ့တွင် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ လိုင်း ၄၀၀ အသုံးပြုနိုင်သည့် ဒီဂျစ်တယ် အော်တိုအိတ်ချိန်းသစ်ကိုလည်းကောင်း၊ မေလ ၁၈ ရက်နေ့တွင် နေပြည်တော် လယ်ဝေးမြို့နယ် သစ်ပုတ်ပင် ဆက်သွယ်ရေး အိတ်ချိန်းရုံးခွဲ၌ လက်လှည့်အိတ်ချိန်း တယ်လီဖုန်းအလုံး ၅၀နှင့် အော်တိုတယ်လီဖုန်းနှစ်လုံး အသုံးပြုနိုင်သည့် ဒီဂျစ်တယ် အော်တိုအိတ်ချိန်းသစ်ကိုလည်းကောင်း အသီးသီး ဖွင့်လှစ်ပေးနိုင်ခဲ့ရာ အဆိုပါ အိတ်ချိန်းသစ်များအပါအဝင် မြို့ပေါင်း ၂၂မြို့တွင် ဒီဂျစ်တယ် အော်တိုအိတ်ချိန်းသစ်များကို တပ်ဆင်အသုံးပြုနိုင်နေပြီဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဆင့်မြင့်ဆက်သွယ်ရေးနည်းပညာများကို နိုင်ငံအနှံ့ဖြန့်ကြက် ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။

မုံရွာခရိုင် အလုံမြို့တွင် ဒေသခံပြည်သူများ ဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ဆောင်ရွက်ပေးထားသော ဆက်သွယ်ရေး၊ စာတိုက်စခန်းကို ဤသို့တွေ့ရသည်။

ပြည်နယ်နှင့်တိုင်းများသို့ ဆက်သွယ်ပြောဆိုမှု လွယ်ကူလျင်မြန်စေရေးအတွက် ကျိုက္ခမီမြို့တွင် တည်ဆောက်ထားသည့် အော်တိုတယ်လီဖုန်း ဆက်သွယ်ရေးစခန်းကို တွေ့ရစဉ်။

ထိုသို့ ဖန်တီးဖော်ဆောင်ပေးနိုင်မှုကြောင့် ပြည်နယ်နှင့်တိုင်း ဒေသအနှံ့ရှိ တိုင်းရင်းသားပြည်သူအချင်းချင်း အလွယ်တကူ ဆက်သွယ်နိုင်ပြီး လုပ်ငန်းဆောင်တာများကို လျင်လျင်မြန်မြန် ဆက်သွယ်ဆောင်ရွက်နိုင်ကာ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန် အသိပေးနိုင်လျက်ရှိသည်။

၁၉၈၈ ခုနှစ်က စာတိုက်စခန်း ၁၁၁၄ ခုရှိခဲ့ရာမှ ယခုအခါ ၁၃၄၇ ခု ရှိလာသဖြင့် စာတိုက်စခန်း ၂၃၃ ခု တိုးတက်လာပြီး ၁၉၈၈ ခုနှစ်က ကြေးနန်းရုံး ၃၁၀ ရှိခဲ့ရာမှ ယခုအခါ ၄၉၄ ခု ရှိလာသဖြင့် ၁၈၄ ခု တိုးတက်ဖြစ်ထွန်းလာသည်။ ၁၉၈၈ ခုနှစ်က တယ်လီဖုန်းရုံး ၂၄၅ ခု ရှိခဲ့ရာမှ ယခုအခါ ၈၉၄ ခု ဖြစ်လာသဖြင့် ၆၄၉ ခုတိုးတက်လာသည်။ ၁၉၈၈ ခုနှစ်က မိုက္ကရိုဝေ့ဗ်စခန်း ၇၁ ခု ရှိခဲ့ရာမှ ယခုအခါ ၂၂၉ ခုရှိလာသဖြင့် ၁၅၈ ခု တိုးတက်လာသည်။

မျက်မှောက်က
လုပ်ငန်းများသည်
ဖမ်းယူပေးပို့နိုင်သေ
ကဏ္ဍနှင့်အဝန်း ပြေ
လည်းကောင်း၊ ပြ
မိမိတို့၏လုပ်ငန်း
ပြည့်ပြည့်စုံစုံသိရှိနိ
များကို ယခုအခါ

၁၉၈၈ခုနှစ်က
ရှိလာသဖြင့် စာတ
ကြေးနန်းရုံး ၃၁၀
တိုးတက်ဖြစ်ထွန်း
ရှိခဲ့ရာမှ ယခုအခ
၁၉၈၈ခုနှစ်က မိုက္က
သဖြင့် ၁၅၈ခု တိုး
တွင် အင်တာနက်
ခဲ့သည်။

၁၉၈၈ခုနှစ်က
တစ်ခုတည်းသာရှိ
က ပြည်ပဂြိုဟ်
၆၀၃ခုအထိ ရှိလာ
အပြည်ပြည်ဆိုင်ရ
၁၇၆၄ခုအထိ ရှိလ
ထိုသို့ ဆက်သွ
ဆက်သွယ်ရေး နည
နိုင်မှုကြောင့် တိုင်း

...င်မှာ့ဆက်သွယ်ရေးကဏ္ဍ

...က် ကျိုက္ခမီမြို့တွင် ...၌။

...တိုင်းရင်းသားပြည်သူ ...င်မြန်မြန် ဆက်သွယ် ...ထုတ်ပြန် အသိပေးနိုင်

...မှ ယခုအခါ ...တက်လာပြီး ...ခုအခါ ၄၉၄ ...ည်။ ၁၉၈၈ ...အခါ ၈၉၄ ခု ...၉၈၈ ခုနှစ်က ...၂၂၉ ခုရှိလာ

ကျော်စွာငယ်

မျက်မှောက်ကာလတွင် မိုက္ကရိုဝေ့ဗ်၊ အီးမေးလ်နှင့် အင်တာနက် လုပ်ငန်းများသည် သတင်းအချက်အလက်များကို တွင်ကျယ်ထိရောက်စွာ ဖမ်းယူပေးပို့နိုင်သောလုပ်ငန်းများ ဖြစ်လာသည်။ နိုင်ငံအတွင်း၌သာမက ကမ္ဘာနှင့်အဝန်း ပြောင်းလဲဖြစ်ပေါ်နေသော သတင်းအချက်အလက်များကို လည်းကောင်း၊ ပြည်သူများ အသိအမြင်၊ ဗဟုသုတတိုးပွားစေရန်နှင့် မိမိတို့၏လုပ်ငန်းဆောင်တာများကို အချိန်တိုအတွင်း လွယ်လင့်တကူ ပြည့်ပြည့်စုံစုံသိရှိနိုင်ရန်အတွက်လည်းကောင်း ဆက်သွယ်ရေး နည်းပညာ များကို ယခုအခါ ထိရောက်ကျယ်ပြန့်စွာ အသုံးပြုလာနိုင်ပြီဖြစ်သည်။

၁၉၈၈ခုနှစ်က စာတိုက်စခန်း ၁၁၁၄ခုရှိခဲ့ရာမှ ယခုအခါ ၁၃၄၇ခု ရှိလာသဖြင့် စာတိုက်စခန်း ၂၃၃ခု တိုးတက်လာပြီး ၁၉၈၈ခုနှစ်က ကြေးနန်းရုံး ၃၁၀ ရှိခဲ့ရာမှ ယခုအခါ ၄၉၄ခု ရှိလာသဖြင့် ၁၈၄ခု တိုးတက်ဖြစ်ထွန်းလာသည်။ ၁၉၈၈ခုနှစ်က တယ်လီဖုန်းရုံး ၂၄၅ခု ရှိခဲ့ရာမှ ယခုအခါ ၈၉၄ခု ဖြစ်လာသဖြင့် ၆၄၉ခုတိုးတက်လာသည်။ ၁၉၈၈ခုနှစ်က မိုက္ကရိုဝေ့ဗ်စခန်း ၇၁ခု ရှိခဲ့ရာမှ ယခုအခါ ၂၂၉ခုရှိလာ သဖြင့် ၁၅၈ခု တိုးတက်လာသည်။ ခေတ်မီဆက်သွယ်ရေး နည်းပညာများ တွင် အင်တာနက်သုံးစွဲမှုမှာ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်ဖြစ်ထွန်းလာ ခဲ့သည်။

၁၉၈၈ခုနှစ်က ပြည်တွင်း ဂြိုဟ်တုဆက်သွယ်ရေး မြေပြင်စခန်း တစ်ခုတည်းသာရှိခဲ့ရာမှ ယခုအခါ စခန်းနှစ်ခုရှိလာသည်။ ၁၉၈၈ခုနှစ် က ပြည်ပဂြိုဟ်တုဆက်သွယ်ရေးချန်နယ် ၂၁ခုရှိခဲ့ရာမှ ယခုအခါ ၆၀၃ခုအထိ ရှိလာသဖြင့် ၅၈၂ခု တိုးတက်လာသည်။ ၁၉၈၈ခုနှစ်က အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်းချန်နယ် ၂၆ခုသာ ရှိခဲ့ရာမှ ယခုအခါ ၁၇၆၄ခုအထိ ရှိလာသဖြင့် ၁၇၃၈ ခု တိုးတက်လာသည်။

ထိုသို့ ဆက်သွယ်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရန်၊ ခေတ်မီ ဆက်သွယ်ရေး နည်းပညာများ တိုးတက်ဖြစ်ထွန်းစေရန် ဆောင်ရွက်ပေး နိုင်မှုကြောင့် တိုင်းရင်းသားပြည်သူများအချင်းချင်း စီးပွားကုန်သွယ်မှု၊ အပြန်အလှန် ရိုင်းပင်းကူညီမှု၊ ချစ်ကြည် ရင်းနှီးမှုများ တိုးပွားလာသည့် အပြင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို ဦးတည်လျက်ရှိရာ၌ မဖြစ်မနေ လိုအပ်လျက်ရှိသော နိုင်ငံတကာအဆင့်မီ ဆက်သွယ်ရေး နည်းစနစ်များ တိုးမြှင့်ဖော်ဆောင် ဖွင့်လှစ်ပေးလျက် ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ဆက်သွယ်ရေးကဏ္ဍ ထိရောက်မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်လာ စေရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် နယ်စပ်ဒေသ များပါမကျန် ဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဆက်သွယ်ရေးစခန်းကို တွေ့ရစဉ်။

၁၉၈၈ခုနှစ်က ပြည်တွင်း ဂြိုဟ်တုဆက်သွယ်ရေး မြေပြင်စခန်း တစ်ခုတည်းသာရှိခဲ့ရာမှ ယခုအခါ စခန်းနှစ်ခုရှိလာသည်။ ၁၉၈၈ခုနှစ် က ပြည်ပဂြိုဟ်တုဆက်သွယ်ရေးချန်နယ် ၂၁ ခုရှိခဲ့ရာမှ ယခုအခါ ၆၀၃ခုအထိ ရှိလာသဖြင့် ၅၈၂ခု တိုးတက်လာသည်။ ၁၉၈၈ခုနှစ်က အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်းချန်နယ် ၂၆ခုသာ ရှိခဲ့ရာမှ ယခုအခါ ၁၇၆၄ခုအထိ ရှိလာသဖြင့် ၁၇၃၈ခု တိုးတက်လာသည်။



နိုင်ငံတစ်ဝန်း ဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ကယားပြည်နယ် လွိုင်ကော်မြို့တွင် တည်ဆောက်ပေးထားသော မိုက္ကရိုဝေ့ဗ် ဆက်သွယ်ရေးစခန်းကို ဤသို့ တွေ့ရသည်။

အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးအဆောက်အအုံ

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့်ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုး တိုးတက်စေရန်အတွက် ရန်ကုန်တိုင်း ဗဟန်းမြို့နယ်တွင် အပြည်ပြည် ဆိုင်ရာ ဆက်သွယ်ရေးအဆောက်အအုံနှင့် တာဝါတိုင်ကို မြှင့်တင် တည်ဆောက်ပေးခဲ့သည်။

စစ်တောင်းတံတား(မုပ္ပလင်)ရာခိုင်နှုန်းပြည့် တည်ဆောက်ပြီးစီး ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ချဉ်းကပ်လမ်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၂ရက် နံနက်ပိုင်းတွင်မော်တော်ယာဉ်များဖြင့် အင်းတကော်-ထုံးကြီး-ကဝလမ်းမှတစ်ဆင့် တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)က တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ပဲခူးမြစ်ကူးတံတား(ကဝ) တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ဝန်ကြီးနှင့်အဖွဲ့အား တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမင်းထွဋ်က တံတား လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ရေလယ်တိုင် P_4၏ ပိုင်တိုင်ထိပ်အုပ်နှင့်တိုင် လုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန်၊ ချဉ်းကပ်လမ်းမြေဖို့ရာ၌ ရေထုတ်ပြွန်များ လိုအပ်သည့်နေရာများတွင် ထည့်သွင်းပေးရန်မှာကြားပြီး တံတား တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

အရှည်ပေ ၅၆၀

ပဲခူးမြစ်ကူးတံတား (ကဝ) မှာ အောက်ထည် လွန်တူးဘိုးပိုင် သံကူကွန်ကရစ်အုတ်မြစ်၊ အပေါ်ထည် ဘေလီသံပေါင် တစ်လမ်းသွားဖြစ်၍ တံတားအရှည်ပေ ၅၆၀ ရှိပြီး တံတားခံနိုင်ဝန်မှာ တန် ၂၀ ဖြစ်သည်။

ရာနှုန်းပြည့်တည်ဆောက်ပြီးစီး

ထို့နောက် ဝန်ကြီးသည် စစ်တောင်းတံတား(မုပ္ပလင်)၏ မုပ္ပလင်ဘက်ကမ်း တံတား ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဝန်ကြီးနှင့်အဖွဲ့အား စီမံကိန်း တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်လင်းက တံတားကြီး ရာခိုင်နှုန်းပြည့် တည်ဆောက်ပြီးစီးမှု၊ ချဉ်းကပ်လမ်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပဲခူးတိုင်း အင်ဂျင်နီယာမှူးကြီး ဦးဝင်းမောင်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဝန်ကြီးက တံတားကြီးကို မိုးတွင်းကာလ စစ်ဆေးဆောင်ရွက်ရမည့်လုပ်ငန်းများ မျက်ခြည်မပြတ် လုပ်ဆောင်ရန်၊ ချဉ်းကပ်လမ်း ကျန်လုပ်ငန်းများကို စံချိန်စံညွှန်းပြည့် သတ်မှတ်ချိန်အမီပြီးစီးအောင်ဆောင်ရွက်ရန်မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးပေးပြီး မော်တော်ယာဉ်များဖြင့် တံတားကြီးပေါ်မှ ဖြတ်သန်းကာ ဝေါဘက်ကမ်း ချဉ်းကပ်လမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

အရှည် ၂၃၉၁ပေ

စစ်တောင်းတံတား (မုပ္ပလင်) ၏ တံတားအမျိုးအစားမှာ အောက်ထည် သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ် အပေါ်ထည်သံမဏိသံပေါင်နှင့် သံကူကွန်ကရစ်တံတားဖြစ်ပြီး တံတားအရှည်စုစုပေါင်း ၂၃၉၁ ပေ ၈ လက်မ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ် ခြောက်ပေစီ နှစ်ဖက်ပါရှိပြီး ခွင့်ပြုယာဉ်အလေးချိန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

➪ ကျောဖုံးမှ

ခရီးသည်နှင့် ကုန်စည်များ လွယ်ကူချောမွေ့မြန်ဆန်ရေးအတွက် တိုးချဲ့အသုံးပြု ပြေးဆွဲသွားမည်ဖြစ်သည်။

ထို့နောက် ဝန်ကြီးသည် စက်ဆန်းကုန်ရုံသို့သွားရောက်ပြီး ကုန်တင်/ကုန်ချဝင်း တိုးချဲ့တည်ဆောက်နေမှု၊ ကုန်ရုံအဝင်လမ်း၊ ကားပတ်လမ်း အာရ်စီကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ကုန်ရုံတွင်းကားများ လွယ်ကူစွာဝင်ရောက်နိုင်ရေး၊ စနစ်တကျ မြန်ဆန်စွာ ကုန်တင်/ကုန်ချ ပြုလုပ်နိုင်ရေးတို့အတွက် လုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် နေ့ညမပြတ် ဆောင်ရွက်ရေး မှာကြားသည်။

အသွားအပြန်

ရထားဖြင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှု လွယ်ကူလျင်မြန်စေရေးအတွက် ကုန်ရထားများကို မလွကုန်း-မြို့ဟောင်း-ကုန်ချဝင်းများသို့ အသွားအပြန် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီးဒေါက်တာချမ်းငြိမ်း ရန်ကုန်မြို့ရှိတက္ကသိုလ်များ လှည့်လည်စစ်ဆေး ဘာသာရပ်ဌာနအလိုက် သင်ကြားရေးဆိုင်ရာ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၃

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ်များ လိုက်ပါလျက် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်ပညာရေးတက္ကသိုလ်သို့ ရောက်ရှိပြီး ဆွေးနွေးပွဲခန်းမ၌ ပါမောက္ခ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်လွင်လွင်စိုးက စီမံခန့်ခွဲရေး၊ သင်ကြားရေးနှင့် ပါရဂူဘွဲ့သင်တန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပါမောက္ခ၊ ဌာနမှူးများက ဘာသာရပ်ဌာနအလိုက် သင်ကြားရေးနှင့် သုတေသနပြုရေး ကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ဘာသာရပ်ဌာနအလိုက် သင်ကြားရေးဆိုင်ရာ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရေး၊ ကွန်ပျူတာနှင့် Language Lab များကို ပိုမိုထိရောက်စွာ အသုံးပြုသင်ကြားရေးတို့နှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၂၂ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ကောင်စီခန်းမ၌ ပါမောက္ခ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းခင်က ပါရဂူဘွဲ့ သင်တန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပါမောက္ခ၊ ဌာနမှူးများက ပါရဂူဘွဲ့ သင်တန်းသားများ အရည်အသွေးမြင့်မားရေးအတွက် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ပါရဂူဘွဲ့ သင်တန်းများ အရည်အသွေးမြင့်မားရေးနှင့် နိုင်ငံအကျိုးပြုသုတေသနများကို ဦးစားပေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန် အဝေးသင်တက္ကသိုလ်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ပါမောက္ခ၊ ဆရာ၊ဆရာမများနှင့်တွေ့ဆုံရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်မာလာအောင်က သင်ကြားရေးနှင့် စီမံခန့်ခွဲရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ပါမောက္ခ၊ ဌာနမှူးများက ဘာသာရပ်အလိုက် သင်ကြားရေးနှင့် စီမံခန့်ခွဲရေးကိစ္စရပ်များ စီစဉ်ထားရှိမှုကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက သတ်မှတ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရန်နှင့် ကျောင်းသား ကျောင်းသူများ၏ အရည်အသွေးမြင့်မားရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ပါမောက္ခ၊ ဆရာ၊ ဆရာမများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဖြိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးသက်တို့ မြို့ရေပေးရေးလုပ်ငန်းမှ ပင်မပိုက်လိုင်းများ တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၄ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ရာ အငယ်တန်းအင်ဂျင်နီယာ (၃) ဦးထွန်းမင်းသန့် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြစ်ဝကျွန်းပေါ် ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၉-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။	မျိုးချစ်တပ်မတော်
၅:၁၀	၆။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၃၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။	နိုင်ငံတကာသတင်း
၆:၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၃၅	၁၁။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မြင်မြင်ချင်းပဲကွယ် (အပိုင်း-၃၆)**
၈:၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	မိုးလေဝသသတင်း
	၁၅။	အမျိုးသားရေးတေးကဗျာ
	၁၆။	မေးမြန်းစူးစမ်း
	၁၇။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - သိုင်းလောကမုန်တိုင်း (ဒုတိယတွဲ) (အပိုင်း-၃၅)**
	၁၉။	သင့်အတွက်မနက်ဖြန်
	၂၀။	အပိတ်နှုတ်ဆက်စကား
	၂၁။	ပြီးပါပြီ။

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးစပါးထွန်တုံးပိတ်ပွဲကျင်းပ တိုင်းမှူးပိုလ်ချုပ်သောင်းအေးနှင့်ဇနီး တက်ရောက်အားပေး

တောင်ကြီး စက်တင်ဘာ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးစပါးထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို စက်တင်ဘာ ၁၉ရက် နံနက် ၉နာရီတွင် ကလောမြို့နယ် အင်းခေါင်းကျေးရွာ မြန်မာ့စိုက်ပျိုးရေးနှင့် လယ်ယာထွက်ကုန်ဦးစီးဌာန စိုက်ပျိုးရေးခြံလယ်မြေ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်မြေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဆန်းက ၂၀၀၇ ခုနှစ် မိုးစပါးထွန်တုံးပိတ် စိုက်ပျိုးပြီးစီးမှုအခြေအနေကိုရှင်းလင်းတင်ပြ၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးကျော်သန်းက ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းချက်များအား ရှင်းလင်းပြောကြားပြီး ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ စတင်ကျင်းပသည်။

ထို့နောက် ပြိုင်ပွဲဝင်ကောက်စိုက်အသင်းများအား တိုင်းမှူးနှင့် ဇနီးတို့က လှည့်လည်ကြည့်ရှု အားပေးကြပြီး ၂၀၀၇ခုနှစ် မိုးစပါးစိုက်ပျိုးပြီးစီးမှု ကွင်းပိတ်စာရင်း ဇယားများကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက တိုင်းမှူးထံ ပေးအပ်ကြသည်။

ဆက်လက်၍ ဆုပေးပွဲကိုကျင်းပရာ အစေ့ထုတ်ပြောင်း မြို့နယ်ထူးချွန်ဆုရ ရပ်စောက်မြို့နယ်နှင့် လတ်ဖက်မြို့နယ် ထူးချွန်ဆုရ ပင်းတယမြို့နယ်၊ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ပထမဆုရ ဟဲဟိုး (၁) အဖွဲ့တို့ကို တိုင်းမှူးဗိုလ်ချုပ်သောင်းအေးကလည်းကောင်း၊ ဒုတိယဆုနှင့် တတိယဆုတို့ကို တိုင်းမှူး၏ ဇနီး ဒေါ်သင်းမျိုးမျိုးအောင်ကလည်းကောင်း၊ နှစ်သိမ့်ဆုရ ကောက်စိုက်သမအဖွဲ့ကို ကလောတပ်နယ်မှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့် ပြည်နယ်အဆင့်တာဝန်ရှိသူများကလည်းကောင်း ဆုများချီးမြှင့်ကြပြီး ၂၀၀၇ခုနှစ် မိုးစပါးထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ အခမ်းအနားကို ရုပ်သိမ်း၍ တိုင်းမှူးနှင့်အဖွဲ့သည် စက်မှုလယ်ယာဦးစီးဌာနနှင့် မြန်မာ့စိုက်ပျိုးရေးနှင့် လယ်ယာထွက်ကုန်ဦးစီးဌာနတို့က ခင်းကျင်းပြသထားသောပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

(ကြေးမုံ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၄)ရပ်ကွက် အောင်မင်္ဂလာလမ်းနေ ဦးကျော်ဝင်း-ဒေါ်စိန်မြင့် မိသားစုက ငွေကျပ် ၂၀၀၀၀၀ ကို လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးအုန်းကြိုင်၊ ဦးဘချိုနှင့် ဦးအေးမြင့်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့အတွက် ကျင်းပရေးလုပ်ငန်းကော်မတီက အကြိုလှူဒါန်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

၂၀၀၇ ခုနှစ် အောက်တိုဘာ ၁ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အဖြစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီ၏ အကြိုလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့် လုပ်ငန်းကော်မတီဝင်များ၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးကျော်ရှိန်နှင့် အမှုဆောင်ကော်မတီဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိဘိုးဘွားရိပ်သာအသီးသီးမှ ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ အဘိုးအဘွားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က အကြိုလှူဒါန်းပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့် လုပ်ငန်းကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူး ဦးစိန်ဝင်းတို့က နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ခရမ်းဘိုးဘွားရိပ်သာ၊ ကျောက်တန်းဘိုးဘွားရိပ်သာ၊ တွံတေးမြို့ရှိ မိဘဂုဏ်ဘိုးဘွားရိပ်သာ၊ ကွမ်းခြံကုန်းမြို့ရှိ ဒေးဒနော ဘိုးဘွားရိပ်သာ၊ ဥက္ကံမြို့ရှိ ဦးမောင်ရုံး-ဒေါ်ရင် ဘိုးဘွားရိပ်သာများအတွက် ဆေးဝါးများနှင့် ငွေပဒေသာပင်ငွေကျပ်တစ်သိန်းစီ စိုက်ထူလှူဒါန်းရာ ဘိုးဘွားရိပ်သာအသီးသီးမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက လက်ခံကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အကြို လှူပ်ရှားမှုအနေဖြင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာက ကျင်းပခဲ့သော စာစီစာကုံးဆုရ အဘိုးအဘွားများအား နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင် ကော်မတီဥက္ကဋ္ဌ ဦးကျော်ရှိန်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးကျော်ရှိန်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာနသို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ အဝတ်အထည်မျိုးစုံ ၆၈၄ ထည်ကို ပေးအပ်လှူဒါန်းရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က လက်ခံယူသည်။

(သတင်းစဉ်)

မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိ ဆံတော်ရှင် ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ကျင်းပမည့် (၁၂၂)ကြိမ်မြောက် ဆေးပဋ္ဌာန်းပူဇော်ပွဲအတွက် ကွယ်လွန်သူ ဦးချန်ထွန်းအားရည်စူး၍ စက်တင်ဘာ ၉ရက်က ရန်ကုန်မြို့နေ ဇနီး ဒေါ်သိန်းညွန့်၊ သား မောင်သိန်းနိုင်ထွန်းမိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင်က လက်ခံရယူပြီး အလှူရှင်မိသားစုအား ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

သင်တန်းသူများ အားကစားပြိုင်ပွဲရုံ လေ့လာ

ရန်ကုန် စက်တင်ဘာ ၂၃

ဖောင်ကြီး ဗဟိုဝန်ထမ်းတက္ကသိုလ်မှ ဌာနကြီးမှူး ဒေါ်မြင့်မြင့်စန်း ခေါင်းဆောင်သည့် ဗဟိုဝန်ထမ်းတက္ကသိုလ် အခြေခံပညာ ဆရာ၊ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၂)မှ သင်တန်းသူ ၇၈၁ ဦးတို့သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) (သုဝဏ္ဏ) သို့ ရောက်ရှိလေ့လာကြသည်။

ရှေးဦးစွာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား အားကစားကွင်း/အားကစားရုံဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဆန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်တို့မှ အားကစားသမားများက အားကစားသရုပ်ပြသကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၉-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ

၈:၁၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၈:၂၀ ၇။ ဘိုင်းဒါးရေလွှဲဆည်

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Grammar Made Easy.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ တေးဂီတအစီအစဉ်

၄:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)

၄:၅၅ ၅။ အကပဒေသာ

၅:၀၅ ၆။ မြန်မာစာ မြန်မာစကား

၅:၂၀ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)

၅:၃၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ

၅:၃၀ ၉။ **"လောကရဲ့အလှရတနာ" (ရဲအောင်၊ မေသဥ္ဇာဦး၊ သူထူးစံ၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ ချောရတနာ၊ မေကဗျာ)**

၅:၅၀ ၁၀။ ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [(ဝါသနာရှင်) (ပထမတန်း) (အဆင့်)] (အမျိုးသမီး)

၆:၀၀ ၁၁။ ညနေခင်းသတင်း

၆:၃၀ ၁၂။မိုးလေဝသအခြေအနေ

၆:၃၅ ၁၃။ အလှရှာမယ်၊ လှကမ္ဘာဝယ်

၇:၀၅ ၁၄။ (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ(ရွက်လှေ)

၇:၁၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောရွှေနေခြည်" (အပိုင်း-၁၄)**

၈:၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပြုံးလှည့်ပါချစ်သူရယ်" (အပိုင်း-၈)**

၂၀။ နောက်တစ်နေ့အစီအစဉ်

၂၁။ အစီအစဉ်ပြီး၏။

အခြေခံဂေါက်သီးရိုက်သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း၌ ဖွင့်လှစ်ထားရှိသော Han Golf Masters ဂေါက်သီးရိုက် အကယ်ဒမီကျောင်းကစီစဉ်သည့် အခြေခံဂေါက်သီးရိုက် စခန်း (Junior Golf Camp) ကို ၂၀၀၇ ခုနှစ် အောက်တိုဘာလဆန်းတွင် ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးမည်။

အဆိုပါ သင်တန်းကို အခြေခံအဆင့်၊ ကွင်းပတ်အဆင့်နှင့် ပြိုင်ပွဲဝင်အဆင့် ဂေါက်သီးရိုက်တတ်စေရန်နှင့် ဂေါက်သီးအားကစားကို စနစ်တကျကစားတတ်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်း တက်ရောက်လိုသူများသည် စက်တင်ဘာ ၃၀ရက် နောက်ဆုံးထား၍ကြိုတင် စာရင်းပေးသွင်းရမည်ဖြစ်ပြီး သင်တန်းစတင်ဖွင့်လှစ်မည့် နေ့ရက်နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း ဖုန်း-၀၁-၆၅၁၇၉၇ နှင့် ၀၉-၉၉-၇၂၄၇၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

2007

INTERNATIONAL DAY OF OLDER PERSONS
1st OCTOBER 2007

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့
၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့

"TOWARDS A SOCIETY FOR ALL AGES"
"သက်ရွယ်စုံညီ၊ လူ့ဘောင်ဆီသို့"

ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားဘက်စုံပြုပြင်တည်ဆောက်ထားမှု တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၃

မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုးတို့သည် ကျိုက်မရောမြို့သို့ရောက်ရှိပြီး ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရား ဘက်စုံပြုပြင်မွမ်းမံ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ ဆုတောင်းပြည့်ဘုရားကြီးအား ဖူးမြော်ကြည်ညိုကြသည်။

တက်ရောက်

ထို့နောက် တိုင်းမှူးနှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် ကျိုက်မရောမြို့ ဘုရားကြီးကျောင်းတိုက်၌ ကျင်းပသော ဆုတောင်းပြည့်ဘုရားကြီး ဘက်စုံမွမ်းမံပြုပြင်ရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျိုက်မရောမြို့ ဘုရားကြီးကျောင်းတိုက် ဩဝါဒါစရိယ ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါရိန္ဒထံမှ တိုင်းမှူးနှင့် ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များအား တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်းနှင့်ဇနီး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့်ဇနီးတို့က အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းကြရာ ဆုတောင်းပြည့်ဘုရားကြီး ဘက်စုံပြုပြင်တည်ဆောက်ရေးဥက္ကဋ္ဌ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်သိန်းဟန်က လက်ခံသည်။

လှူဒါန်းငွေ

ထို့နောက် ကျိုက်မရောမြို့ ဘုရားကြီးကျောင်းတိုက် ဩဝါဒါစရိယ ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါရိန္ဒ၏ လှူဒါန်းငွေ ကျပ်ငါးသိန်းနှင့် အလှူရှင်များ၏ လှူဒါန်းငွေများကို တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများက လက်ခံကြသည်။ အလှူရှင်များ၏ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် တစ်ရာကိုးဆယ့်တစ်သိန်း ဖြစ်သည်။

ရေစက်သွန်းချ

ယင်းနောက် ကျိုက်မရောမြို့ ဘုရားကြီးကျောင်းတိုက် ဩဝါဒါစရိယ ဆရာတော်ထံမှ တိုင်းမှူးနှင့် ပရိသတ်တို့က အနုမောဒနာတရားနှင့် ရေစက်ချတရားတို့ နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟသ်ာတမြို့ ဗိုလ်မြတ်ထွန်းလမ်းရှိ စတုဘုမ္မိက မဟာသတိပဋ္ဌာန် ကျောင်းတိုက်အတွင်း၌ ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် သင်္ဃန်းကျွန်းမြို့နယ် မေခအိမ်ရာ မေခလမ်းသွယ်(၃)နေ ဗိုလ်ကြီးကြည်မြင့်(ငြိမ်း)- ဒေါ်စန်းလှိုင်(ဦးစီးအရာရှိ-ငြိမ်း၊ သမဝါယမဦးစီးဌာန)၊ သား ကိုစိန်လင်း (2/E PIL S'pore)၊ သမီး မမိုးအေးလှိုင်၊ မြေး မောင်ကောင်းခန့်ဇော် (Grade II၊ အထက-၁၊ ဒဂုံ)၊ မောင်နေမျိုးထွဋ် မိသားစုတို့က ဝိဟာရဒါန အလှူတော်ငွေ ကျပ်သုံးသိန်းကို ဦးစီးပဓာန နာယက ဘဒ္ဒန္တ အရှင်ပညာဒီပ ဟသ်ာတဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ယင်လုံအိမ်သာဆောက်လုပ်လှူဒါန်း

လားရှိုး စက်တင်ဘာ ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ ယင်လုံအိမ်သာဆောက်လုပ်လှူဒါန်းပွဲကို စက်တင်ဘာ ၆ရက် နံနက် ၉နာရီခွဲက လားရှိုးမြို့ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် အမက(၂)၊ အမက(၁၇)နှင့် မူလတန်းလွန်ကျောင်းအမှတ်(၂၄)ကျောင်းများသို့ လှူဒါန်းသည့် ငွေကျပ် ၁၁သိန်းတန်ဖိုးရှိ ယင်လုံအိမ်သာတစ်လုံးစီနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများအား အဖွဲ့နာယက ဒေါ်ချယ်ရီက လွှဲပြောင်းပေးအပ်ရာ သက်ဆိုင်ရာကျောင်းအုပ်ကြီးများက လက်ခံရယူကြသည်။ **(ဓါတ်ပုံ)** ထို့နောက် တွဲဖက် ပြည်နယ်ပညာရေးမှူး ဦးခင်မောင်ထွေးက ကျေးဇူးတင်စကား ပြောကြားပြီး နာယက ဒေါ်ချယ်ရီနှင့်အဖွဲ့ဝင်များသည် အဆိုပါကျောင်းများသို့ လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ (ပြည်နယ်ပြန်/ဆက်)

အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၃

မုံရွာဒေသကောလိပ်၌ ၁၉၇၆ မှ ၁၉၈၁ ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၃ရက်တွင် မုံရွာမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမကြီးများ၏ ဆုံးမစာလွှာများကို မှတ်တမ်းတင်စာအုပ် ထုတ်ဝေမည်ဖြစ်၍ ဆရာ၊ ဆရာမကြီးများ အပူဇော်ခံ ကြွရောက်ပါရန်နှင့် ဆရာ၊ ဆရာမကြီးများ၏ ဆုံးမစာလွှာ၊ ဓာတ်ပုံ၊ နေရပ်လိပ်စာများကို အောက်တိုဘာ ၃၁ရက် နောက်ဆုံးထား၍ ကြိုတင်ပေးပို့ကြပါရန်နှင့် ဆရာ၊ ဆရာမကြီးများ အပူဇော်ခံ တက်ရောက်နိုင်ရေးအတွက် အသွားအပြန်အကြိုအပို့၊ တည်းခိုနေထိုင်ရေးနှင့် စားသောက်ရေးများကို တာဝန်ယူစီစဉ်ထားသည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ထည့်ဝင်လှူဒါန်း လိုပါက ဦးသိုင်းဝင်း ဖုန်း-၂၁၀၀၈၂၊ ၀၉-၅၁၅၁၄၀၅၊ ဦးဗိုလ်တူး ဖုန်း-၀၉၈၀၃၀၃၈၂၊ ဦးဖိုးလူ ဖုန်း-၀၉၅၀၃၃၉၉၉၊ ဦးမြင့်စိုး ဖုန်း-၀၉၅၁၅၃၇၂၆၊ ဦးကျော်မျိုးထင် ဖုန်း-၀၉၂၀၀၇၅၅၄၊ ဦးမောင်မြင့် ဖုန်း-၀၉၅၀၁၆၀၁၈၊ ဦးကျော်မျိုးဝင်း ဖုန်း-၀၉၂၁၃၂၂၅၅၊ ဦးခင်မောင်မြင့် ဖုန်း-၀၉၂၁၃၁၄၄၅၊ ဦးသက်ထွန်းညို ဖုန်း ၀၉၂၁၃၂၄၈၆၊ ဦးမောင်မောင်အေး ဖုန်း ၀၇၃-၂၁၈၃၄၊ ဒေါ်ခင်လေး ဖုန်း ၀၇၃-၂၁၈၁၀၊ဒေါ်အေးအေးမြင့် ဖုန်း-၀၇၃-၄၀၃၂၇၊ ဦးခင်မောင်ဝင်းရှိ ဖုန်း-၀၉၅၂၀၁၉၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

စက်တင်ဘာ ၂၁ ရက်က လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာအသင်း ဒုတိယနှစ်ပတ်လည် အစည်းအဝေးတွင် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဒေါ်သီဂီကျော် အမှာစကား ပြောကြားစဉ်။ (ပညာရေး)

NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိ စစ်ကိုင်းနှင့် နေပြည်တော် ပျဉ်းမနားမြို့နယ်တို့မှ ပါတီဝင် ၅၄ ဦးနုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၂၃

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ညောင်ပင်ဝန်းကျေးရွာနေ ဦးတင်ဝင်း၊ မြိုင်လယ်ကျေးရွာနေ ဦးငွေအောင်၊ ရွာသစ်ကျေးရွာနေ ဦးကျော်တင့်၊ မောင်းထောင်ကျေးရွာနေ ဦးကပြား၊ မယ်ဂလီချောင်းကျေးရွာနေ ဦးစိုးမြင့်၊ ကင်းကျေးရွာနေ ဦးခင်မောင်သန်း၊ နတ်ခရိုင်ကျေးရွာနေ ဦးခို၊ လင်းတလူကျေးရွာနေ ဦးဘအုန်း၊ နှုံးတွင်းကျေးရွာနေ ဦးသောင်းအေး၊ ထုံးဘိုကျေးရွာနေ ဦးခင်မောင်ဝင်း၊ စာရေးကျေးရွာနေ ဦးအောင်သိန်းတို့ အပါအဝင် ပါတီဝင် ၅၃ ဦးတို့သည် စက်တင်ဘာ ၁၀ ရက်တွင်လည်းကောင်း၊ နေပြည်တော် ပျဉ်းမနားမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် သာယာကုန်းကျေးရွာနေ ဦးဝင်းစိုးသည် စက်တင်ဘာ ၉ ရက်တွင်လည်းကောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းမြို့နယ်နှင့် နေပြည်တော် ပျဉ်းမနားမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲတို့သို့ပေးပို့သော နုတ်ထွက်လွှာများတွင် ၎င်းတို့သည် NLD ပါတီ၏ လုပ်ငန်း များကို စိတ်ဝင်စားမှုမရှိ၊ ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၉-၂၀၀၇ (တနင်္လာနေ့)

AM/PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	ဆရာ-ဒကာဆက်ဆံရေးသင်တန်း(ပထမပိုင်း)(အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရမော်ကွန်းထိန်းဆရာတော်)
၈း၃၀-၂း၃၀	ဂျုံကိုအခြေခံ၍ထုတ်လုပ်သောစားသောက်ဖွယ်ရာများ
၈း၄၅-၂း၄၅	တေးဂီတအစီအစဉ်
၈း၅၀-၂း၅၀	သဘာဝကပေးတဲ့အကျိုးအာနိသင်
၉း၀၀-၃း၀၀	စပါးကရွှေ--ငါးကငွေ(ညီကျော်၊ မိုးဒီ၊ သက်ဦးကို၊ဆုဝတီမိုး၊)(ဒါရိုက်တာနိုင်း)
၉း၁၀-၃း၁၀	YANGON PANORAMA (International Health & Beauty Centre ဖွင့်ပွဲအခမ်းအနား)
၉း၂၅-၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀-၃း၃၀	ပြည်တွင်းသတင်းအကျဉ်း
၉း၄၀-၃း၄၀	ခိုင်တိုစန်နည်းပညာသစ်၊ အမှိုက်ထဲကရွှေဖြစ်
၉း၅၅-၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀-၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅-၄း၀၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (နေ့ကောင်းရက်သာရွေးချယ်၍ ဗိုက်ခွဲမွေးဖွားလိုသော မိခင်လောင်းများအတွက် ကျန်းမာရေးအမေးအဖြေများ
၁၀း၂၅-၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀-၄း၃၀	ပြည်တွင်းအခွန်များဦးစီးဌာနအကြောင်းသိကောင်းစရာ (တံဆိပ်ခေါင်းခွန်)
၁၀း၄၅-၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀-၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀-၅း၀၀	Diploma Guide (အနုပညာကွန်ပျူတာဒီပလိုမာသင်တန်း)
၁၁း၄၅-၅း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀-၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅-၅း၅၅	တောင်ကလေးတွင်ကမ္ဘည်းတင်
၁၂း၃၀-၆း၃၀	တေးဂီတအစီအစဉ်
၁၂း၃၅-၆း၃၅	ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၁၂း၅၅-၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀-၇၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၃၀	Roma-Juventus	5-Cartoon(Live)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်း တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ဒေါ်မြမြညွှန့်၊ ဦးသိန်းဝင်း၊ (ဦးသိန်းထွန်း)၊ သား ကိုဝင်းသူရိန်၊ သမီး မရတနာ၊ မရင်သွေးပိုင် (ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်)တို့က အလှူငွေကျပ် တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယက ဆရာတော် မိုးညှင်းအရှင်ဣန္ဒက ရှေ့မှောက်၌ အတွင်းရေးမှူး ဦးအေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီး တရားပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဓမ္မာရုံ၌ (၁၃၆၉ခုနှစ် တော်သလင်းလပြည့်နေ့) စက်တင်ဘာ ၂၆ရက် (ဗုဒ္ဓဟူးနေ့) ည ၇နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ တိလောကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ကြေးပိဋကတ်တော်ပြုလုပ်ရေးအတွက် လှူဒါန်းလျက်ရှိရာ ဒေါ်အေးမူ ဒုတိယညွှန်ကြားရေးမှူး၊ (စီးပွား/ကူးသန်းဝန်ကြီးဌာန)နှင့် ဒေါ်စန်းစန်းလင်း (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း)တို့က ကြေးပြားတစ်ချပ်စီ၊ ဒေါ်မူမူ(ညွှန်ကြားရေးမှူး) နှင့် ဗိုလ်တထောင်မြို့နယ် လမ်းသွယ်-၁ နေ ဗိုလ်မှူးထွန်းရှင်-ဒေါ်ခင်စန်းမြင့်တို့က ကြေးပြားတစ်ချပ်စီ စုစုပေါင်း ကြေးပြားလေးချပ် တန်ဖိုးငွေကျပ် ၁၀၀၀၀၀ကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)ထံ လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က-ပ)

ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဘဏ္ဍာ/အခွန် အမျိုးသား၊ အမျိုးသမီးအသင်းဗိုလ်စွဲ

ရန်ကုန် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၇ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ခန်းမဆောင်၌ ကျင်းပရာ အမျိုးသားအသင်းလိုက်ပြိုင်ပွဲနှင့် အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲများတွင် ဘဏ္ဍာ/အခွန်အသင်းတို့က ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးအတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဦးဘန်နီချစ် (အောင်မြင်ချမ်းသာ မိုင်းနီးကုမ္ပဏီ)က မြန်မာနိုင်ငံ စားပွဲတင်တင်းနစ် အဖွဲ့ချုပ်သို့ အလှူငွေ ကျပ်ငါးသောင်းပေးအပ်ရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က လက်ခံသည်။

ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းက အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဆုရရှိသော ဘဏ္ဍာ/အခွန်အသင်း၊ ဒုတိယရရှိသော ကာကွယ်ရေး ဝန်ကြီးဌာနအသင်း၊ တတိယပူးတွဲရရှိကြသော ပြည်ထဲရေးအသင်းနှင့် စက်မှု(က)အသင်းတို့အားလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းကျော်ညွှန့်က အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမတံခွန်စိုက်ရရှိသော ဘဏ္ဍာ/အခွန်အသင်း၊ ဒုတိယဆုရရှိသော လယ်ယာ/ဆည်မြောင်းအသင်း၊ ပူးတွဲတတိယရရှိကြသော ပြည်ထဲရေးအသင်းနှင့် ပို့ဆောင်ရေးအသင်းတို့အားလည်းကောင်း ဆုများကိုအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က အမျိုးသမီး အကောင်းဆုံးအားကစားသမားဆုရရှိသော ဆွေဆွေဟန် (ကာကွယ်ရေး ဝန်ကြီးဌာန)နှင့် အမျိုးသား အကောင်းဆုံး အားကစားသမားဆုရရှိသော အောင်ထွဋ်(ကာကွယ်ရေးဝန်ကြီးဌာန) တို့အားဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသော ဘဏ္ဍာ/အခွန်အသင်းနှင့် အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသော ဘဏ္ဍာ/အခွန်အသင်းတို့အား တံခွန်စိုက်ဆုဖလားများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အကောင်းဆုံး အားကစားဆုရရှိကြသော အောင်ထွဋ်(ကာကွယ်ရေးဝန်ကြီးဌာန) နှင့် ဆွေဆွေဟန် (ကာကွယ်ရေးဝန်ကြီးဌာန) တို့အား တစ်ဦးလျှင် ငွေကျပ် တစ်သောင်းငါးထောင်စီကို ဦးဘန်နီချစ်(အောင်မြင်ချမ်းသာ မိုင်းနီးကုမ္ပဏီ)က ပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)

တောင်ဥက္ကလာပမြို့နယ် (၁၅)ရပ်ကွက် (၅)ဝိုင်း စလေသိင်္ဂီ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ပညာသင်ကြားနေသော တိုင်းရင်းသားမိဘမဲ့ ရှင်သာမဏေများကို တစ်နေ့တာဆွမ်း၊ ဗလာစာအုပ်၊ ပညာရေးငွေပဒေသာပင် ကျပ်တစ်သိန်းလှူဒါန်းပွဲကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ယင်းကျောင်း၌ကျင်းပရာ အလှူရှင် အဘ စာရေးဆရာကြီးမင်းသူရိန်နှင့် နှစ်ဖက်သော မိဘများအား အမှူးထား၍ ဦးခင်အောင်၊ ဒေါ်အေးသိန်း(အောင်ထူးဆန်း မိသားစု)က သား မောင်မျိုးမင်းထွန်း၏ မွေးနေ့အလှူအဖြစ် ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးစန္ဒိမာထံ လှူဒါန်းစဉ်။ (၆၃)

မင်းကွန်းတောင်ရိုး မိုးမိတ်တိပိဋကနိကာယကျောင်း ဗုဒ္ဓ၊ ဓမ္မ၊ သံဃပူဇာနှင့် စာအောင်သံဃာများပူဇော်

ရန်ကုန် စက်တင်ဘာ ၂၃

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် မင်းကွန်းတောင်ရိုးရှိ မိုးမိတ်တိပိဋက နိကာယကျောင်းတိုက်တွင်းရှိ မိုးမိတ်စေတီတော်ကြီးများ၏ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ပူဇာမင်္ဂလာပွဲတော်ကြီးနှင့် တိပိဋက စာအောင်သံဃာတော်များ ချီးကျူးပူဇော်ပွဲကို ၁၃၆၉ ခု တော်သလင်းလဆန်း ၅ရက်မှ ၈ရက်(၁၆-၉-၂၀၀၇ မှ ၁၉-၉-၂၀၀၇)အထိကျင်းပခဲ့ပြီး တောင်ရိုးရှိသံဃာတော်များ၊ သီလရှင်များဆွမ်းလောင်းပွဲတော်ကြီးကျင်းပရာ အနယ်နယ်အရပ်ရပ်မှ တိ-နိ အကျိုးဆောင်အဖွဲ့များ၊ အလှူရှင်များ၊ ဓမ္မမိတ်ဆွေစေတနာရှင်များ၊ ဝေယျာဝစ္စဆောင်ရွက်ကြသော ရပ်ရွာ အကျိုးဆောင်များ၊ ဘုရားဖူးအလှူရှင်များ ကြွရောက်ခဲ့ကြကြောင်းသိရသည်။ (ကြေးမုံ)

Horizon League ဘတ်စကက်ဘောပြိုင်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်နှင့် Horizon Int'l Education Center တို့ ပူးပေါင်းကျင်းပလျက်ရှိသည့် Horizon League ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ကျိုက္ကဆံမိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

အမျိုးသားပြိုင်ပွဲတွင် Filipino အသင်းက O' Vick on အသင်းကို(၅၉-၃၃)မှတ်၊ WHO အသင်းက Kan dawglay Club အသင်းကို (၇၅-၃၆)မှတ်၊ Cow Boy အသင်းက C.C.Y အသင်းကို (၆၈-၅၁) မှတ်တို့ဖြင့် အနိုင်ရရှိပြီး အမျိုးသမီး ပြိုင်ပွဲတွင် Kandawglay အသင်းက Glory အသင်းကို (၄၉-၁၅)မှတ်ဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲများကို စက်တင်ဘာ ၃၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

၂၀၀၇ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် အမျိုးသားအသင်းလိုက်ပြိုင်ပွဲနှင့် အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲများတွင် ဗိုလ်စွဲသွားသော ဘဏ္ဍာ/အခွန်အသင်းအား တံခွန်စိုက်ဆုများနှင့်အတူ တွေ့ရစဉ်။ (ဘဏ္ဍာ/အခွန်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၃၇)ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၃

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၃၇)တွင် ရိုးမဘဏ်ကောလာဟလပျက်ပြားသွား၊ ငွေသွင်းငွေထုတ်လုပ်ငန်းများ ပုံမှန်အခြေအနေပြန်ရောက်၊ လျှပ်စစ်ပြတ်တောက်မှုကြာမြင့်ချိန် လျှော့ချနိုင်ရန် မြေပေါ် ကေဘယ်လ်ကြိုးနှင့် နေအိမ်ဓာတ်ကြိုးများ ချိတ်ဆက်ဓာတ်အားသွယ်ယူမှုစနစ် စတင်တော့မည်၊ မြန်မာနိုင်ငံသားများဘဏ်မှ အစုရှယ်ယာများ အောက်တိုဘာလတွင် စတင်ရောင်းချပေးမည်၊ မသမာသောနည်းဖြင့် ရွှေခြစ်ယူသည့် အပေါင်ဆိုင်များ ထိရောက်စွာအရေးယူမည်၊ မြန်မာ့ပထမဆုံးအဘိဓာန်ကို Google တွင် ကြည့်ရှုနိုင်၊ ဂျပန်ဂီတပညာရှင်များက မြန်မာဂီတ၊ ဂျပန်ဂီတနှင့် အနောက်တိုင်းဂီတတို့ကို ပေါင်းစပ်ဖန်တီးလို၊ မြန်မာနိုင်ငံ၌ တိရစ္ဆာန်အရေခွံသုံး ဆေးတောင့်အခွံစက်ရုံတည်ဆောက်ရန် ကိုရီးယားက စိတ်ဝင်စားနေ၊ သက်တမ်းလွန်စားသောက်ကုန်များ အိမ်တိုင်ရာရောက်လိုက်လံရောင်းချမှုများရှိနေ စသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ 'အားနွဲ့သူပါရှင် … ကို အတိတ်မှာချန်ထားခဲ့ပြီ' မျက်မှောက်ရေးရာ ဘဝရှုခင်းဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာသည်။

'စပယ်ရှယ်ဝမ်းတစ်ယောက် အိပ်မက်မှလန့်နိုးခြင်း' အားကစားဆောင်းပါးနှင့်အတူ ဗင်နီဇွဲလားနိုင်ငံ စွပ်ပြုတ်အိုးကြီး စံချိန်ချိုး၊ ရှေးဟောင်းဂရိကြွေအိုး အယ်လ်ဘေးနီးယားကမ်းခြေ၌တွေ့ရှိ၊ စာဖတ်နည်းလျို့ဝှက်ချက် ပညာရှင်တို့ဖော်ထုတ်နိုင်ခဲ့၊ ငှက်တုပ်ကွေးကိစ္စ သတိမမူဖြစ်နေခြင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေး၊ တရုတ်နိုင်ငံ၏ အမြင့်ဆုံးတိုက် အမိုးတင်နေပြီ၊ အကြမ်းဖက်လုပ်ငန်းတိုက်ဖျက်ရေး 'ချစ်မွေးခွေးများ အလိုရှိ'ဟု သီရိလင်္ကာရဲအဖွဲ့ဖိတ်ခေါ်၊ မင်းသားခွမ်ဆန်းဂူး တရားစွဲဆိုထားသည့်အမှု ကြားနာစစ်ဆေးပြီစသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

WHOအသင်းမှ Kandawglay Club အသင်းဘက်သို့ ဂိုးသွင်းရန်ကြိုးပမ်းစဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံမှဝယ်ယူခဲ့သော ရထားစက်ခေါင်းများ သင်္ဘောပေါ်မှချယူမှု ဝန်ကြီးဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် ခရီးသည်နှင့်ကုန်စည်များ လွယ်ကူချောမွေ့မြန်ဆန်ရေး အသုံးပြုပြေးဆွဲမည်

ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း အိန္ဒိယသမ္မတနိုင်ငံ M/S RITES Ltd.မှဝယ်ယူခဲ့သော ရထားစက်ခေါင်းများ သင်္ဘောပေါ်မှချယူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

ရန်ကုန် စက်တင်ဘာ ၂၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ယနေ့နက်ပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံ M/S RITES Ltd. မှ ဝယ်ယူခဲ့သော ရထားစက်ခေါင်း ငါးခေါင်းအား ရန်ကုန်မြို့ အမှတ်(၅) ဆူးလေတံတား၌ မကွေးသင်္ဘောပေါ်မှ ချယူနေမှုကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးအား မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်ငြိမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အထွေထွေမန်နေဂျာ ဦးချိုသန်းမောင်နှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက စက်ခေါင်းများ သင်္ဘောပေါ်မှ ချယူမည့် အစီအစဉ်နှင့်လုပ်ငန်း ဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက သင်္ဘောပေါ်မှ ချယူပြီးသည့် ရထားစက်ခေါင်းများအား ကြည့်ရှုစစ်ဆေးပြီး မြန်မာ့မီးရထားမှ တာဝန်ရှိသူများအား ရထားစက်ခေါင်းများ ရေရှည်ကောင်းမွန်စွာ အသုံးပြုနိုင်ရေးအတွက် စနစ်တကျ ကိုင်တွယ်အသုံးပြုနိုင်ရေးနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။

မြန်မာ့မီးရထားအနေဖြင့် အိန္ဒိယသမ္မတနိုင်ငံနှင့် စာချုပ်ချုပ်ဆို၍ YDM-4ရထားစက်ခေါင်း ၂၀ ဝယ်ယူခဲ့ခြင်းမှ ပထမအကြိမ်အဖြစ် ရထားစက်ခေါင်းငါးခေါင်း ရောက်ရှိလာခြင်းဖြစ်သည်။ အဆိုပါ စက်ခေါင်းငါးခေါင်းမှာ အိန္ဒိယသမ္မတနိုင်ငံ ချင်နိုင်း (CHENNAI) ဆိပ်ကမ်းမှ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းပိုင် မကွေးသင်္ဘောဖြင့် ရန်ကုန်မြို့ အမှတ်(၅) ဆူးလေဆိပ်ကမ်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ယခုရောက်ရှိလာသော စက်ခေါင်းများအား ရန်ကုန်-မန္တလေး လမ်းပိုင်းတွင် **စာမျက်နှာ ၁၀ ကော်လံ ၆ သို့ ➪**

မုန်တိုင်းငယ် အိန္ဒိယသို့ ဖြတ်ကျော်ဝင်ရောက်

ရန်ကုန် စက်တင်ဘာ ၂၃

ယနေ့နံနက်၆နာရီခွဲအချိန် တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိခဲ့ပြီး အိန္ဒိယသမ္မတနိုင်ငံ ဩရိဿကမ်းခြေကို ပူရီမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

တိုင်းရင်းသားပြည်သူအချင်းချင်း အလွယ်တကူဆက်သွယ်နိုင်

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုး တိုးတက်စေရန်အတွက် အဆင့်မြင့် ဆက်သွယ်ရေး နည်းပညာများကို နိုင်ငံအနှံ့ ဖြန့်ကြက်ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။ ထိုသို့ ဖန်တီးဖော်ဆောင်ပေးနိုင်မှုကြောင့် ပြည်နယ်နှင့်တိုင်း ဒေသအနှံ့ရှိတိုင်းရင်းသားပြည်သူ အချင်းချင်း အလွယ်တကူ ဆက်သွယ်နိုင်ပြီး လုပ်ငန်းဆောင်တာများကို လျင်လျင်မြန်မြန် ဆက်သွယ်ဆောင်ရွက်နိုင်ကာ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်အသိပေးနိုင်လျက်ရှိသည်။

ကျော်စွာငယ်၏ "အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလာသော မြန်မာ့ဆက်သွယ်ရေးကဏ္ဍ" (ဆောင်းပါး) စာမျက်နှာ ၈-၉